# အမျိုးသားညီညွတ်ရေးအစိုးရ
# ပညာရေးဝန်ကြီးဌာန

သင်ရိုးမာတိကာ

ဒွါဒသမတန်း

သမိုင်း

ဖေဖော်ဝါရီလ၊ ၂၀၂၄ ခုနှစ်

## ဒွါဒသမတန်း သမိုင်းဘာသာရပ် သင်ကြားရခြင်း၏ ရည်ရွယ်ချက်များ

- ဒီမိုကရေစီစနစ်၏ အဓိပ္ပါယ်နှင့်စတင်ပေါ်ပေါက်ပုံ၊ ဒီမိုကရေစီစနစ် ဖွံ့ဖြိုးတိုးတက်ပုံ၊ ဒီမိုကရေစီစနစ်၏ အားသာချက်များ၊ အားနည်းချက်များကို သိရှိနားလည်စေရန်နှင့် မြန်မာ့ဒီမိုကရေစီအရေးလှုပ်ရှားမှု သမိုင်းဖြစ်စဉ်ကို သိရှိနားလည်စေရန်
- မြန်မာနိုင်ငံသည်ကမ္ဘာ့မိသားစုဝင်နိုင်ငံဖြစ်၍ကမ္ဘာ့စီးပွားရေး အခြေအနေများ၊ ကမ္ဘာ့ရာသီဥတု၊ သဘာဝ ပတ်ဝန်းကျင်နှင့်ကျန်းမာရေးပြဿနာများကိုသိရှိနားလည်၍သင်ခန်းစာယူဆောင်ရွက်ထိန်းသိမ်းတတ်ကြစေရန်

NUG MOE

## သင်ယူရမည့်အကြောင်းအရာများ

ဒွါဒသမတန်း သမိုင်းဘာသာရပ် သင်ရိုးသစ်တွင် အောက်ပါအကြောင်းအရာများ ပါဝင်သည်။


**အခန်း (၁) မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားမှု (၁၉၈၈-၂၀၂၀)**

| | | |
|---|---|---|
| ၁.၁ | ဒီမိုကရေစီ၏အဓိပ္ပါယ် | ၁ |
| ၁.၁.၁ | ဒီမိုကရေစီစနစ်စတင်ပေါ်ပေါက်ခြင်း | ၁ |
| ၁.၁.၂ | ဒီမိုကရေစီစနစ်ဖွံ့ဖြိုးတိုးတက်ခြင်း | ၁ |
| ၁.၂ | မြန်မာနိုင်ငံဒီမိုကရေစီရေးလှုပ်ရှားမှု | ၃ |
| ၁.၂.၁ | အခြေခံအကြောင်းအရင်းများ | ၃ |
| ၁.၂.၂ | ဒီမိုကရေစီရေးလှုပ်ရှားမှုများ | ၆ |
| ၁.၃ | အုပ်ချုပ်ရေးစနစ် | ၁၀ |
| ၁.၃.၁ | အုပ်ချုပ်ရေးစနစ် ၁၉၈၈ -၂၀၁၀ | ၁၀ |
| ၁.၃.၂ | အုပ်ချုပ်ရေးစနစ် ၂၀၁၁- ၂၀၂၀ | ၁၃ |
| ၁.၄ | စီးပွားရေးအခြေအနေ | ၁၆ |
| ၁.၄.၁ | စီးပွားရေးအခြေအနေ ၂၀၀၁-၂၀၁၀ | ၁၆ |
| ၁.၄.၂ | စီးပွားရေးအခြေအနေ ၂၀၁၁-၂၀၂၀ | ၁၉ |
| ၁.၅ | လူမှုရေးအခြေအနေ | ၂၀ |
| ၁.၅.၁ | လူမှုရေးအခြေအနေ ၂၀၀၁-၂၀၁၀ | ၂၀ |
| ၁.၅.၂ | လူမှုရေးအခြေအနေ ၂၀၁၁-၂၀၂၀ | ၂၄ |

**အခန်း (၂) ကမ္ဘာ့စီးပွားရေး**

| | | |
|---|---|---|
| ၂.၁ | အဖွဲ့အစည်းများ | ၃၀ |
| ၂.၁.၁ | ကုလသမဂ္ဂကုန်သွယ်ရေးနှင့်ဖွံ့ဖြိုးမှုညီလာခံ-အန်းတက် | ၃၀ |
| ၂.၁.၂ | အာရှဖွံ့ဖြိုးရေးဘဏ် (ADB–Asian Development Bank) | ၃၁ |

**အခန်း (၃) ကမ္ဘာ့ပြဿနာများ**

| | | |
|---|---|---|
| ၃.၁ | ရာသီဥတု | ၃၃ |
| ၃.၁.၁ | ကမ္ဘာ့ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုပြဿနာ | ၃၃ |
| ၃.၁.၂ | ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးဆောင်ရွက်ချက်များ | ၃၅ |
| ၃.၂ | သဘာဝပတ်ဝန်းကျင် | ၃၇ |
| ၃.၂.၁ | သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာခြင်း၏ အကျိုးဆက်များ | ၃၇ |
| ၃.၂.၂ | သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး | ၄၀ |
| ၃.၂.၃ | ကျန်းမာရေးပြဿနာ | ၄၂ |

# အခန်း (၁)
# မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားမှု (၁၉၈၈-၂၀၂၀)

## နိဒါန်း

မြန်မာနိုင်ငံ၏ဒီမိုကရေစီရေးလှုပ်ရှားမှုသမိုင်းဖြစ်စဉ်ကိုဤအခန်းတွင်လေ့လာသင်ယူနိုင်မည်ဖြစ်သည်။ ဤအခန်းပြီးလျှင် သင်သည် အောက်ပါတို့ကို သိရှိနားလည်နိုင်မည်။

- ဒီမိုကရေစီ၏အဓိပ္ပါယ်၊ စတင်ပေါ်ပေါက်ပုံ၊ ဖွံ့ဖြိုးတိုးတက်ပုံ၊ ဒီမိုကရေစီစနစ်၏ အားသာချက် အားနည်းချက်များနှင့် မြန်မာနိုင်ငံ ဒီမိုကရေစီရေးလှုပ်ရှားမှုများကို လေ့လာသိရှိနိုင်မည်။
- မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားမှုသမိုင်းဖြစ်စဉ်ကို သုံးသပ်အကဲဖြတ်နိုင်မည်။

### ၁.၁ ဒီမိုကရေစီ၏အဓိပ္ပါယ်

ဒီမိုကရေစီဆိုသည့် စကားရပ်သည် ဂရိဘာသာစကား demos-ဒီမို (ပြည်သူလူထု)နှင့် kratos (အာဏာ)မှ ဆင်းသက်လာခြင်းဖြစ်ပြီး ပြည်သူအများစုပေါင်းပါဝင်အာဏာပိုင်စိုးသောစနစ်ကို ခေါ်ဆိုခြင်းဖြစ်သည်။

#### ၁.၁.၁ ဒီမိုကရေစီစနစ်စတင်ပေါ်ပေါက်ခြင်း

ဒီမိုကရေစီစနစ်ကို ဂရိမြို့ပြနိုင်ငံများဖြစ်ကြသည့် အေသင်နှင့်စပါတာတွင် ခရစ်မပေါ်မီကာလ ဘီစီ(၄) ရာစု၌ စတင်ကျင့်သုံးခဲ့သည်။ ဘီစီ ၆ ရာစုခန့်တွင် အိန္ဒိယ၌လည်း ဒီမိုကရေစီစနစ်ကိုကျင့်သုံးခဲ့သည်။


#### ၁.၁.၂ ဒီမိုကရေစီစနစ်ဖွံ့ဖြိုးတိုးတက်ခြင်း

လူ့အဖွဲ့အစည်းတွင် လိုအပ်သောဦးဆောင်လမ်းညွှန်ထိန်းသိမ်းဆောင်ရွက်မှုများအတွက် အစုအဖွဲ့ သို့မဟုတ် အစိုးရအဖွဲ့ဖွဲ့စည်းခြင်းသည် လူ့သမိုင်းတိုးတက်ယဉ်ကျေးခြင်းသက်သေဖြစ်သည်။ လူ့သမိုင်း တိုးတက် ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် အုပ်စုခေါင်းဆောင်၊ မျိုးနွယ်အကြီးအကဲများစသည်တို့မှာ လူမှုအဖွဲ့အစည်း ကြီးမားလာခြင်း၊ စိုက်ပျိုးရေး၊ စီးပွားရေးတိုးတက်ဖွံ့ဖြိုးလာသောအချိန်တွင် အုပ်ချုပ်သူဘုရင်များအဖြစ် ရောက်ရှိခဲ့ကြသည်။ ဘုရင်များသည် ၎င်းတို့၏လုပ်ပိုင်ခွင့်နှင့်အာဏာကို စိတ်တိုင်းကျကျင့်သုံးခဲ့မှုများရှိလာခဲ့ သောကြောင့် ဘုရင်အုပ်ချုပ်မှုစနစ် Monarchy အစား မင်းမျိုးမင်းနွယ်မှူးမတ်များ၏အုပ်ချုပ်မှုစနစ် Aristocra-cy ပေါ်ပေါက်လာခဲ့ သည်။ ထိုစနစ်သည်လည်း နောက်ပိုင်း၌ မျိုးရိုးဂုဏ်ကိုကာကွယ်ချီးမြှောက်မှုများ လွန်ကဲ လာသည့်အတွက် ပျက်ဆီးခဲ့သည်။ ထို့ကြောင့် ပြည်သူအများစုပေါင်းပါဝင်အာဏာပိုင်စိုးသောစနစ် Democ-racy ကို ဖော်ဆောင် ကျင့်သုံးလာကြခြင်းဖြစ်သည်။မည်သည့်အစိုးရစနစ်သည်အကောင်းဆုံးဖြစ်မည်နည်းဆို သည့်ပညာရှင်များ အကြား အယူအဆ ကွဲပြားလျက်ရှိသည်။




ပုံ(၁)အေသင်တိုက်ရိုက်ဒီမိုကရေစီစနစ်

ဒီမိုကရေစီတွင် တိုက်ရိုက်ဒီမိုကရေစီ၊ လစ်ဘရယ်ဒီမိုကရေစီနှင့် သွယ်ဝိုက် သို့မဟုတ် ကိုယ်စားပြု ဒီမိုကရစီ ဟူ၍ ခွဲခြားလေ့လာနိုင်သည်။ ခရစ်မပေါ်မီရာစုနှစ်များတွင် ဂရိမြို့ပြနိုင်ငံများ၌ စတင်ပေါ်ပေါက် ကျင့်သုံးခဲ့သော ဒီမိုကရေစီစနစ်ကို ယခုအချိန်၌ ကမ္ဘာ့နိုင်ငံပေါင်း (၁၉၅) နိုင်ငံအနက် (၁၆၇) နိုင်ငံတွင်ကျင် သုံးလျက်ရှိနေကြပြီးမြန်မာနိုင်ငံအပါအဝင် ဒီမိုကရေစီမရသေးသောနိုင်ငံများကလည်းတိုက်ပွဲဝင်လျက်ရှိသည်။





ပုံ (၂) တိုက်ရိုက်ဒီမိုကရေစီနှင့်ကိုယ်စားပြုဒီမိုကရေစီ




ပုံ (၃) ကိုယ်စားပြုဒီမိုကရေစီစနစ်တီထွင်ကျင့်သုံးပုံ

လူ့သမိုင်းတွင်ကျင့်သုံးခဲ့သည့် ခေတ်စနစ်အသီးသီးတွင် အားသာချက်၊ အားနည်းချက်များ ရှိကြမြဲ ဖြစ်သကဲ့သို့ ဒီမိုကရေစီစနစ်တွင်လည်း အားသာချက်များနှင့် အားနည်းချက်များရှိကြသည်။ ဒီမိုကရေစီ စနစ်၏ အားသာချက်များမှာ နိုင်ငံသားများ၏အကျိုးစီးပွားကို ကာကွယ်ပေးနိုင်ခြင်း၊ အုပ်ချုပ်မှုတွင် ဗဟို ချုပ်ကိုင်မှုအာဏာ ကို အခြေမခံခြင်း၊ တာဝန်ယူမှုနှင့် တည်ငြိမ်သောအုပ်ချုပ်ရေးကို ဖန်တီးပေးနိုင်ခြင်း၊ ပြည်သူကို နိုင်ငံရေးအသိပညာပေးခြင်း၊ တန်းတူညီမျှမှုကိုမြှင့်တင်ပေးခြင်း၊ ပြောင်းလဲခြင်းကိုအားပေး ခြင်းနှင့် နိုင်ငံ့သား ကောင်းဖြစ်အောင် ကူညီပေးခြင်းတို့ဖြစ်သည်။ အရေးကြီးဆုံးအားသာချက်မှာ လူ့အဖွဲ့အစည်းတစ်ခု၏ အဖွဲ့ဝင်များအားလုံးသည် နိုင်ငံရေးအရ တန်းတူညီမျှမှုရှိခြင်းနှင့် ပြည်သူလူထု သည် ဆုံးဖြတ်ချက်ချသူတို့အပေါ် လွှမ်းမိုးထိန်းချုပ်နိုင်စွမ်းရှိခြင်းဖြစ်သည်။

ဒ္ဒါဒသမတန်း ဒီမိုကရေစီစနစ်၏ အားနည်းချက်များမှာ ပြည်သူ့ဘဏ္ဍာငွေနှင့်အချိန်ကို အလွဲသုံးစားလုပ်နိုင်ခြင်း၊ အရည်အသွေးထက် အရေအတွက်ကို ပို၍အလေးပေးနိုင်ခြင်း၊ ဆုံးဖြတ်ချက်ချရန် အချိန်ယူရနိုင်ခြင်းနှင့် ရွေးကောက်ပွဲကာလအတွင်း အကျင့်ပျက်ခြစားမှုများပါဝင်နိုင်ခြင်း စသည်တို့ဖြစ်သည်။ ခေတ်သစ်နိုင်ငံရေး အတွေးအခေါ်အယူအဆတွင် ဒီမိုကရေစီစနစ်ကို လိုလားတောင်းဆိုမှုအများဆုံးဖြစ်နေခြင်းမှာ ပြည်သူ့အကျိုး အတွက် ကိုယ်စားပြုဆောင်ရွက်ရန် ပြည်သူများကယုံကြည်အားထားနိုင်သူများအား နိုင်ငံသားတိုင်း ပါဝင်ရွေးချယ်ခွင့်ရှိသောကြောင့် ဖြစ်သည်။




ပုံ (၄) ဒီမိုကရေစီစနစ်ကျင့်သုံးသောကမ္ဘာ့နိုင်ငံများ

၁.၂ မြန်မာနိုင်ငံဒီမိုကရေစီရေးလှုပ်ရှားမှု

၁.၂.၁ အခြေခံအကြောင်းအရင်းများ

ကိုလိုနီဘဝမှလွတ်မြောက်ရန်အတွက် မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများ၊ ကိုးကွယ်ယုံကြည်ရာ ဘာသာဝင်များနှင့် နိုင်ငံရေးအယူအဆခံယူချက်မတူညီကြသူများအားလုံးတို့သည် အတူတကွပူးပေါင်း၍ လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့ကြသည်။ လွတ်လပ်ရေးရရှိခဲ့သည့် ၁၉၄၈ ခုနှစ် မှ ၁၉၆၂ ခုနှစ်အထိ မြန်မာနိုင်ငံသည် ပါလီမန်ဒီမိုကရေစီစနစ်ဖြင့် နိုင်ငံတော်ကိုတည်ဆောက်ခဲ့သည်။ သို့သော် နိုင်ငံရေးပါတီများနှင့် အဖွဲ့အစည်း အသီးသီးက မိမိတို့၏ နိုင်ငံရေးအယူဝါဒ၊ ခံယူချက်လမ်းစဉ်များနှင့်သာ နိုင်ငံကိုတည်ဆောက်လိုကြ၍ သဘောထား ကွဲလွဲမှုများဖြစ်ပေါ်ခဲ့ပြီး ခွဲထွက်မှုများ၊ လက်နက်ကိုင်တော်လှန်မှုများကြောင့် ပြည်တွင်းစစ်နှင့် ရင်ဆိုင် ကြုံတွေ့ခဲ့ရသည်။ အင်္ဂလိပ်အစိုးရနှင့်တရုတ်အစိုးရတို့ချုပ်ဆိုခဲ့ကြသော စာချုပ်များ၏ အကျိုးဆက်ဖြစ်သည့်တရုတ်မြန်မာနယ်စပ်မြေအချို့နှင့်ပတ်သက်၍ဦးနုအစိုးရ၏ကိုင်တွယ်ဖြေရှင်းမှုသည် လက်ရှိကျင့်သုံးနေသည့်ပါလီမန်ဒီမိုကရေစီစနစ်နှင့်သွေဖယ်နေသည်ဟုယူဆခြင်းကြောင့်ယုံကြည်မှုနည်းပါးခြင်းဖြစ်ခဲ့သည်။ ထို့ပြင်နိုင်ငံကိုအုပ်ချုပ် ခွင့်ရရှိခဲ့သောဖဆပလပါတီကြီးသည်ပါတီတွင်း အင်အားအာဏာ ပြိုင်ဆိုင်မှုကြောင့်ပြိုကွဲသွားခဲ့၍ နိုင်ငံရေးမတည်ငြိမ်မှုများဖြစ်ပေါ်ခဲ့ပြီး စီးပွားရေးအခက်အခဲအကြပ်အတည်းများနှင့်လည်း ရင်ဆိုင်ခဲ့ရသည်။ အာဏာရနိုင်ငံရေးပါတီ၏ မညီညွတ်မှုများ၊ ဝါဒစွဲများဆွဲကိုင်ထားမှုကို

အခွင့်ကောင်းယူ၍ စစ်တပ် သည် ၁၉၆၂ ခုနှစ် မတ်လ ၂ ရက်နေ့တွင် နိုင်ငံပြိုကွဲမှုဖြစ်နိုင်သည်ဟု အကြောင်းပြကာ နိုင်ငံတော်အာဏာကို သိမ်းယူလိုက်ခြင်းနှင့်အတူ နိုင်ငံရေးနယ်ပယ်သို့ ဝင်ရောက်ချယ်လှယ်ကြီးစိုးခဲ့သည်။

၁၉၆၂ ခုနှစ် မတ်လ ၃ ရက်နေ့တွင် တော်လှန်ရေးကောင်စီသည် ပြည်သူ့လွှတ်တော်နှင့် လူမျိုးစုလွှတ်တော်တို့ကို ဖျက်သိမ်းကြောင်းကြေညာခဲ့ပြီး ၁၉၆၂ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ပါလီမန်ရွေးကောက်ပွဲကော်မတီကို ဖျက်သိမ်းကြောင်းကြေညာခဲ့သည်။ ၁၉၆၂ ခုနှစ် ဧပြီလ ၃၀ ရက်နေ့တွင် တော်လှန်ရေးကောင်စီက မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို ကြေညာခဲ့သောကြောင့် လွတ်လပ်ရေးရပြီးကာလများ၌ ကျင့်သုံးဖော်ဆောင်ခဲ့သော ပါလီမန်ဒီမိုကရေစီစနစ် ကျဆုံးသွားခဲ့သည်။

၁၉၇၄ ခုနှစ်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအသစ် ရေးဆွဲပြဋ္ဌာန်းခဲ့ပြီး ၁၉၇၄ အခြေခံဥပဒေအခန်း (၂) ပုဒ်မ-၇ ၌ နိုင်ငံကို ဆိုရှယ်လစ်ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဆိုရှယ်လစ်ဒီမိုကရေစီနိုင်ငံ တည်ဆောက်မည် ဖြစ်သည်။ ပုဒ်မ-၂၃တွင် ဆိုရှယ်လစ်ဒီမိုရေစီနိုင်ငံကို ဦးဆောင်သွားရမည့်သူများမှာ အလုပ်သမားများ၊ တောင်သူ လယ်သမားများ၊ ပညာရှင်များနှင့် ပြည်သူများထဲမှ ရှေ့ဆောင်ရှေ့ရွက်ပြုနိုင်ကြသူများဖြစ်သည် ဟု ဖော်ပြခဲ့သည်။ ပါတီဖွဲ့စည်းပုံတွင် ဒီမိုကရေစီဗဟိုဦးစီးစနစ်ကို အခြေပြုသည့်အတွက် တစ်ပါတီစနစ်ဖြစ်ပြီး ဗဟိုချုပ်ကိုင်မှုဖြင့် နိုင်ငံ့ရေးရာများနှင့်ပြည်သူလူထုကိုထိန်းချုပ်မှုမှာ ၁၉၇၄ မှ ၁၉၈၈ ခုနှစ် ထိ ၁၄နှစ်ကြာမြင့်ခဲ့သည်။

တစ်ပါတီစနစ်ဖြင့် ဗဟိုချုပ်ကိုင်မှု၊ နိုင်ငံ၏စီးပွားရေး၊ လူမှုရေးတို့တွင် တံခါးပိတ်ဝါဒကျင့်သုံးမှုတို့ကြောင့် မြန်မာနိုင်ငံသည် ပြင်ပနှင့်အဆက်အသွယ်ပြတ်တောက်ခဲ့ရသည်။ နှစ်ပေါင်း၂၆ နှစ်ကျော် ကမ္ဘာကြီးနှင့်ကင်းကွာခဲ့ ရသည့် မြန်မာနိုင်ငံပြည်သူလူထု၏ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးစသည်တို့မှာ အလုံးစုံယိုယွင်းပျက်ဆီးဆုံးရှုံးခဲ့ရသည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ခေတ်၌ပေါ်ပေါက်ခဲ့သည့် စီးပွားရေးပြဿနာများမှာ ပုဂ္ဂလိကပိုင်စီးပွားရေး လုပ်ငန်းများကို ပြည်သူပိုင်သိမ်းခဲ့ခြင်း၊ ကုန်ထုတ်လုပ်မှုကျဆင်းခြင်း၊ မှောင်ခိုဈေးကွက်ကြီးမားကျယ်ပြန့်ခြင်း၊ စက်သုံးဆီမလုံလောက်ခြင်း၊ အခွန်ကြီးမားလာခြင်း၊ မြေယာများအဓမ္မသိမ်းယူခြင်း၊ ငွေကြေးဖောင်းပွခြင်း၊ ၁၉၈၅ ခုနှစ်တွင် ၅၀ကျပ်တန်နှင့် ၁၀၀ကျပ်တန်၊ ၁၉၈၇ ခုနှစ်တွင်၂၅ကျပ်၊ ၃၅ကျပ်နှင့် ၇၅ကျပ်တန် ငွေစက္ကူများကို တရားမဝင်ကြောင်းကြေညာ၍ ရုတ်သိမ်းခဲ့ခြင်းစသည်တို့ဖြစ်သည်။

NUG MOE




ပုံ(၅-က)၁၉၈၅တွင်တရားမဝင်ကြောင်းကြေညာရုတ်သိမ်းခဲ့သောငွေစက္ကူများ




ပုံ(၅-ခ)၁၉၈၇တွင်တရားမဝင်ကြောင်းကြေညာရုတ်သိမ်းခဲ့သောငွေစက္ကူများ

စီးပွားရေးကြပ်တည်းမှုနှင့်အတူ လူနေမှုအဆင့်အတန်းနိမ့်ကျခြင်း၊ ပညာရေးအရည်အသွေးနိမ့်ကျပျက်ဆီးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုမပေးနိုင်ခြင်း၊ အကျင့်စာရိတ္တယိုယွင်းပျက်စီးခြင်းစသည့် ဆိုးကျိုးများကို ပြည်သူလူထုကသာခံစားခဲ့ကြရသည်။ မြန်မာ့ပို့ကုန်ကျဆင်းလာခြင်း၊ နိုင်ငံသားတို့၏ တနှစ်ဝင်ငွေ အလွန်နည်းပါး နေခြင်းစသည့် သတ်မှတ်အညွှန်းကိန်းများအရ ကုလသမဂ္ဂက ၁၉၈၅တွင် မြန်မာနိုင်ငံကို ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ အဖြစ် ကြေညာခဲ့သည်။ ၁၉၆၂ မှ ၁၉၈၈ ခုနှစ်အထိ ဆိုရှယ်လစ်အမည်ခံ အာဏာရှင်စနစ်ဖြင့် နိုင်ငံကိုအုပ်ချုပ်ခဲ့ ခြင်း၊ နိုင်ငံပျက်ဆီးယိုယွင်းနောက်ကျဆင်းရဲသွားခြင်းနှင့် ပြည်သူတို့၏ အထွေထွေနစ်နာဆုံးရှုံးကြပ်တည်းမှုများသည် မြန်မာ့ဒီမိုကရေရေးလှုပ်ရှားမှုများ ဖြစ်ပွားရခြင်း၏ အခြေခံအကြောင်းရင်းများဖြစ်ကြသည်။

## ၁.၂.၂ ဒီမိုကရေစီရေးလှုပ်ရှားမှုများ

၁၉၆၂ ခုနှစ် နိုင်ငံတော်အာဏာကို တပ်မတော်ကသိမ်းယူလိုက်ပြီးနောက် မြန်မာ့ဆိုရှယ်လစ်စနစ် တည်ဆောက်ရာ၌ ဆိုရှယ်လစ်ဒီမိုကရေစီဆိုသည့်စကားရပ်ကို လက်နက်သဖွယ်သုံးနှုန်းခဲ့ပြီး လက်တွေ့တွင်မူ တစ်ပါတီအာဏာရှင်စနစ်ကျင့်သုံးခဲ့သည်။ ပါတီခေါင်းဆောင်နှင့်ပါတီဝင်အားလုံးနီးပါးသည် ၎င်းတို့၏ ကိုယ်ကျိုးစီးပွားအတွက်သာ ဦးတည်ဆောင်ရွက်ခဲ့သည်။ ၁၉၈၈ ခုနှစ် မတ်လ ၁၂ ရက်နေ့တွင် ရန်ကုန်စက်မှုတက္ကသိုလ်ကျောင်းသားတစ်စုနှင့် အရပ်သားအချို့အကြား ဖြစ်ပွားခဲ့သောပဋိပက္ခကို အစိုးရက အကြမ်းဖက်ဖိနှိပ်နှိမ်နင်းခဲ့မှုကြောင့် လူတန်းစားမညီမျှမှု၊ အခွင့်အရေးချိုးဖောက်ခံရမှုတို့ကို ခံစားကြုံတွေ့နေကြရသည့် အဖိနှိပ်ခံပြည်သူလူထုတရပ်လုံး၏ မကျေနပ်မှုများသည် အုံကြွပေါက်ကွဲခဲ့သည်။

ပြည်သူတို့၏တောင်းဆိုချက်များမှာ ဒီမိုရေစီရရှိရေး၊ စစ်အာဏာရှင်စနစ်ပပျောက်ရေး၊ အစိုးရအဖွဲ့နှုတ်ထွက်ရေးတို့ ဖြစ်ကြသည်။ မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားမှုကိုဆောင်ရွက်ရာတွင် ဆန္ဒပြခြင်း၊ အာဏာဖီဆန်ခြင်းနှင့် သပိတ်တိုက်ပွဲများကို နိုင်ငံတဝှမ်း၌ ပြုလုပ်ခဲ့ကြသည်။ ၁၉၈၈ ခုနှစ် ဇူလိုင်လ၂၇ ရက်နေ့တွင် သမ္မတ ဦးစန်းယု ရာထူးမှနှုတ်ထွက်ပြီး ဦးစိန်လွင်က ဆက်ခံခဲ့သည်။ စစ်တပ်အရာရှိများကိုသာ ခန့်အပ်၍ သမ္မတ အပြောင်းအလဲ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ပြည်သူလူထုဆန္ဒကိုမူ လျစ်လျူရှုခဲ့ကြသည်။

၁၉၈၈ ခုနှစ် ဩဂုတ်လ ၈ ရက်တွင် ကန့်ကွက်ဆန္ဒပြသပိတ်မှောက်မှုတို့သည် အပြင်းထန်ဆုံးအဆင့်သို့ ရောက်ရှိခဲ့သည်။ ကျောင်းသားများ၊ ကျောင်းဆရာများ၊ ဆရာဝန်များ၊ ဌာနပေါင်းစုံမှဝန်ထမ်းများ၊ ကြည်း ရေ လေ တပ်မတော်သားများ၊ ရဟန်းသံဃာများ၊ ခရစ်ယာန်ဘုန်းတော်ကြီးများ၊ ဘာသာရေးဆရာများနှင့် အသိပညာရှင်၊ အတတ်ပညာရှင်များစသည့် အလွှာပေါင်းစုံမှပြည်သူများသည် ရန်ကုန်မြို့၌ ချီတက်ဆန္ဒပြသပိတ်မှောက်မှုများ ပြုလုပ်၍ ဒီမိုကရေစီတောင်းဆိုခဲ့ကြသည်။





ပုံ(၆)၁၉၈၈ဒီမိုကရေစီအရေးတော်ပုံလှုပ်ရှားမှုပုံသမိုင်းမှတ်တမ်းပုံများ

ရန်ကုန်အထွေထွေသပိတ်သည် အခြားတိုင်းနှင့်ပြည်နယ်မြို့တော်များသို့ ပျံ့နှံ့သွားခဲ့ပြီး တစ်နိုင်လုံး အုံကြွဆန့်ကျင်ခဲ့ကြသည်။ ပိုမိုအားကောင်းလာသော လူထုဆန္ဒပြမှုများကို စစ်တပ်ကအကြမ်းနည်းဖြင့် ပစ်ခတ် နှိမ်နင်းခဲ့သောကြောင့် လက်နက်မဲ့ပြည်သူများ ရာနှင့်ချီ၍သေဆုံးခဲ့ရသည်။ သို့သော် နာကျည်းချက် များစွာရှိနေကြ သော ပြည်သူလူထုသည် ဆက်လက်ချီတက်ဆန္ဒပြခဲ့ကြသည်။ သို့သော်အစိုးရသည် ဆန္ဒပြမှု များကိုပိုမိုဖိနှိပ်ရန် စစ်သားများကို ထပ်မံခေါ်ဆောင်၍ ပစ်ခတ်နှိမ်နင်းခဲ့သည်။ ဆန္ဒပြပြည်သူများမှ လက်လုပ် ဗုံးများ၊ ဓား၊ မြှားတိုနှင့် ဂျင်ကလိ စသည့် ရရာလက်နက်များဖြင့် ပြန်လည်ခုခံတုံ့ပြန်ခဲ့ကြသည်။

၁၉၈၈ ခုနှစ် ဩဂုတ်လ ၁၀ ရက်တွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီးတွင် ဒဏ်ရာရဆန္ဒ ပြပြည်သူ များအား ဆေးကုသပေးခြင်းကိုအကြောင်းပြုပြီး မီးရှို့ခဲ့ရာ ဆရာဝန်နှင့် သူနာပြုများ အသက်ပေးခဲ့ရ သည်။ ဩဂုတ်လ ၁၂ ရက်တွင် သမ္မတဦးစိန်လွင် ရာထူးမှနှုတ်ထွက်ခဲ့ပြီး အရပ်သားဥပဒေပညာရှင် ဒေါက်တာ မောင်မောင် ကို အစိုးရခေါင်းဆောင်အဖြစ်ခန့်အပ်ခဲ့သည်။

၁၉၈၈ ခုနှစ် မတ်လတွင် ဒေါ်အောင်ဆန်းစုကြည်သည် မိခင်ဒေါ်ခင်ကြည်နာမကျန်းဖြစ်နေသဖြင့် ပြုစု စောင့်ရှောက်ရန် မြန်မာနိုင်ငံသို့ရောက်ရှိခဲ့သည်။ လန်ဒန်တက္ကသိုလ်၌ နိုင်ငံရေးသိပ္ပံဘာသာရပ် ပါရဂူဘွဲ့ အတွက် ကျမ်းတင်သွင်းရန် စာတမ်းပြုစုနေချိန်ဖြစ်သည်။ ရန်ကုန်မြို့၌ မိခင်ကိုပြုစုစောင့်ရှောက်နေချိန် တွင် ပြည်သူတို့၏ မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားမှုများနှင့် အစိုးရက လက်နက်အင်အားသုံး၍ အကြမ်းဖက် နှိမ်နင်းမှုများကို မျက်မြင် ကြုံတွေ့ခဲ့ရာမှ နိုင်ငံရေးနယ်ပယ်သို့ ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ ၁၉၈၈ ခုနှစ် ဩဂုတ် လ ၂၆ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်သည် ရွှေတိဂုံစေတီအနောက်မုဒ်၌ကျင်းပသည့် လူတစ်သိန်းကျော် တက်ရောက်သော လူထုအစည်းအဝေးကြီးတွင် ပြည်သူကို ပထမဆုံးမိန့်ခွန်းပြောကြားခဲ့သည်။ ဒေါ်အောင် ဆန်းစုကြည်သည် အိန္ဒိယ အမျိုးသားခေါင်းဆောင် မဟတ္တမဂန္ဒီ၏ အကြမ်းမဖက်ရေးအယူအဆကိုလက်ခံ ကျင့်သုံး၍ မြန်မာ့ဒီမိုကရေစီရေး လှုပ်ရှားမှုကိုဦးဆောင်ခဲ့ရာ ပြည်သူလူထုတစ်ရပ်လုံး၏ ထောက်ခံယုံကြည် မှုကို ရရှိခဲ့သည်။ မြန်မာ့ဒီမိုကရေစီရေး လှုပ်ရှားမှုအတွက် ပါတီတရပ်ဖွဲ့စည်း၍ဆောင်ရွက်နိုင်ရန် ဆွေးနွေး ညှိနှိုင်းခဲ့ကြပြီး ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၂၇ ရက်တွင် သူရဦးတင်ဦးက ဥက္ကဋ္ဌ၊ ဒေါ်အောင်ဆန်းစုကြည်က အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ကာ နိုင်ငံရေးပုဂ္ဂိုလ် (၁၁) ဦးဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို စတင် ဖွဲ့စည်းခဲ့သည်။



# နိုင်ငံတော်တစ်ဝန်းလုံး အဘက်ဘက်မှ ယိုယွင်းနေသောအခြေအနေအချိန်မီထိန်းသိမ်း

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ကြေညာချက်

**ကြေညာချက်အမှတ် ၁/၈၈**


၁၃၅၀ ပြည့်နှစ် တော်သလင်းလဆန်း (၈)ရက်
၁၉၈၈ ခုနှစ် စက်တင်ဘာလ (၁၈) ရက်

(ပုံ) စောမောင်
ဗိုလ်ချုပ်ကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

ပုံ (၇) အာဏာသိမ်းကြောင်းကြေညာချက်



ပုံ (၈) ဆန္ဒပြပြည်သူများနှိမ်နင်းခံရပုံ



# အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ဖွဲ့စည်းခြင်း

ရန်ကုန် စက်တင်ဘာ ၂၈

အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (National League for Democracy) ကို ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့တွင် ဖွဲ့စည်း ပြီးကြောင်း၊ အဖွဲ့ဥက္ကဋ္ဌအဖြစ် ဦးအောင်ကြီး၊ ဒုဥက္ကဋ္ဌအဖြစ် ဦးတင်ဦး၊ အထွေထွေအတွင်းရေးမှူးအဖြစ် ဒေါ်အောင်ဆန်းစုကြည် တို့က ဆောင်ရွက်ကြောင်းနှင့် အဖွဲ့ချုပ်ကို အမှတ်(၅၄/၅၅)တက္ကသိုလ်ရိပ်သာလမ်း၊ ရန်ကုန်မြို့၌ ဖွင့်လှစ်ထား ရှိကြောင်း သတင်းရရှိပါသည်။ (သတင်းစဉ်)

ပုံ (၉) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဖွဲ့စည်းခြင်း

NUG MOE

ပါတီ၏ နိုင်ငံရေးလမ်းစဉ်သဘောတရားမှာ လစ်ဘရယ်ဒီမိုကရေစီ ဖြစ်သည်။ အန်အယ်လ်ဒီပါတီသည် ၁၉၉ဝ ပါတီစုံရွေးကောက်ပွဲ၌ မဲဆန္ဒနယ် ၄၉၂ နယ်အနက် ၃၉၂ နယ်တွင် မဲဆန္ဒရှင်စုစုပေါင်း၏ ၅၉.၉ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိခဲ့သည်။ သို့သော် စစ်အစိုးရသည် ဒီမိုကရေစီလိုလားသည့်ပြည်သူ့ဆန္ဒကို လျစ်လျူရှုခဲ့ပြီး အနိုင်ရပါတီကို အစိုးရဖွဲ့ခွင့်မပေးခဲ့သည့်ပြင် ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်ကျခံစေခဲ့ခြင်း၊ ပါတီခေါင်းဆောင် တို့ကိုဖမ်းဆီးခြင်းတို့ဖြင့် မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားမှုများကို ဖိနှိပ်ဖျက်ဆီးခဲ့သည်။ ဒီမိုကရေစီအင်အားစုများ အင်အားလျော့ပါးသွားသည်ဟုယူဆခြင်းနှင့် စစ်တပ်နောက်ခံပြု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ အားကောင်းသည်ဟု ယုံကြည်ခြင်းတို့ကြောင့် ၂ဝ၁ဝရွေးကောက်ပွဲကို စစ်အစိုးရက ကျင်းပခဲ့သည်။ ၂ဝ၁ဝ ရွေးကောက်ပွဲတွင် ထောင်ဒဏ်ချမှတ်ထားခံရသူများ ဝင်ရောက်ယှဉ်ပြိုင်ခွင့်မရှိဟူသည့် အချက်ပါဝင်သော ရွေးကောက်ပွဲဥပဒေသစ်ကိုပြဋ္ဌာန်းခဲ့ပြီး နိုင်ငံ့အာဏာကို ဆက်လက်ချုပ်ကိုင်ရန် ဆောင်ရွက်ခဲ့သည်။ ၂ဝ၁ဝ ရွေးကောက်ပွဲအပြီး ၁ဝရက်အကြာတွင်မှသာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ် အကျယ်ချုပ်မှ လွတ်ပေးခြင်းဖြင့် ဒီမိုကရေစီလှုပ်ရှားမှုကို ဟန့်တားပိတ်ဆို့ထားခဲ့သည်။ သို့သော် ပြည်သူလူထု၏ ရည်မှန်းချက်နှင့်ဆန္ဒဖြစ်သည့် ဒီမိုကရေစီရေးလှုပ်ရှားမှုများသည် ကွယ်ပျောက်သွားခြင်းမရှိဘဲ ဆက်လက် တိုက်ပွဲဝင်လှုပ်ရှားခဲ့သည်။




(၁ဝ)၁၉၉ဝပါတီစုံအထွေထွေရွေးကောက်ပွဲ

၂ဝ၁၂ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် လစ်လပ်နေသော လွှတ်တော်အမတ် ၄၈ နေရာအတွက် ကြားဖြတ် ရွေးကောက်ပွဲကျင်းပရာ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အန်အယ်လ်ဒီပါတီမှ ဝင်ရောက်ယှဉ်ပြိုင် အနိုင်ရရှိခဲ့သည်။ ၂ဝ၁၅ ခုနှစ် နိုဝင်ဘာ ၈ရက်တွင် ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲ ၌ နိုင်ငံရေးပါတီပေါင်း ၉၁ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး အန်အယ်လ်ဒီပါတီသည် အမျိုးသားလွှတ်တော် အမတ်နေရာ၌ ၆ဝ.၂၇ ရာခိုင်နှုန်း၊ ပြည်သူ့လွှတ်တော် အမတ်နေရာ၌ ၅၇.၉၅ ရာခိုင်နှုန်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော် နေရာတွင် ၅၅.၃၅ ရာခိုင်နှုန်း၊ တိုင်းရင်းသားရေးရာဝန်ကြီးများနေရာ၌ ၇၂.၄၁ ရာခိုင်နှုန်း အသီးသီးဖြင့် အပြတ်အသတ် အနိုင်ရရှိခဲ့သည်။ ထို့ကြောင့် ပြည်သူ့လွှတ်တော်အမတ်နေရာ ၂၃၈ နေရာ နှင့် ပြည်ထောင်စုလွှတ်တော် အမတ်နေရာ ၃၄၈ နေရာရရှိခဲ့၍ အစိုးရဖွဲ့နိုင်သည့် အမတ်အရေအတွက်ကိုပင် ကျော်လွန်ခဲ့သည်။

၂၀၁၆ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟူသော အမည်သစ်ဖြင့် နိုင်ငံတော်သစ်ကို ဒီမိုကရေစီ စနစ်နှင့် အကောင်အထည်ဖော်တည်ဆောက်ခဲ့သည်။

၁၉၉၀ ပါတီစုံရွေးကောက်ပွဲတွင် ပါတီပေါင်း ၂၇ ပါတီဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ၂၀၁၀ အထွေထွေ ရွေးကောက်ပွဲတွင် ပါတီပေါင်း ၂၁ ပါတီမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် ပါတီပေါင်း ၉၁ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ မှတ်ပုံတင်ထားသောနိုင်ငံရေးပါတီများသည် နိုင်ငံ၏ တရားဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့ကိုဦးဆောင်မည့် အစိုးရဖွဲ့စည်းနိုင်ရန်ရည်ရွယ်၍ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ သို့သော် မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားမှုခရီးကြမ်းရှည်ကြီး တွင် ပြည်သူကိုဦးဆောင်လမ်းပြခြင်းနှင့်တစိတ်တဝမ်းတည်းရပ်တည်ခြင်းကို အန်အယ်လ်ဒီပါတီသာပြုလုပ် ခြင်းဖြစ်သည်။ ထို့ကြောင့် စစ်အစိုးရအဆက်ဆက် အန်အယ်လ်ဒီပါတီကို အတိုက်အခံအဖွဲ့အစည်းထက် ရန်သူ သဖွယ် သဘောထား၍ပြုမူဆက်ဆံသည်။ ၂၀၁၆ မှ ၂၀၂၀ ခုနှစ်အထိ ပြည်သူ့ဆန္ဒဖြင့်ရွေးကောက်တင်မြှောက် ခဲ့သော ပြည်သူ့အစိုးရသည် အုပ်ချုပ်မှု၊ လမ်းညွှန်ပြုပြင်ဆောင်ရွက်မှုများကို အားသွန်ခွန်စိုက်ကြိုးစား ဆောင်ရွက်ခဲ့သော် လည်း စစ်တပ်၏ အကျိုးစီးပွားနှင့်လုပ်ပိုင်ခွင့်ကိုကာကွယ်ထားသည့် ၂၀၀၈ ဖွဲ့စည်းပုံဥပဒေ ကြောင့် အခက်အခဲအဟန့်အတားမျိုးစုံနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားမှုကို ဆက်လက် တိုက်ပွဲဝင်ခဲ့ရသည်။

## ၁.၃ အုပ်ချုပ်ရေးစနစ်

### ၁.၃.၁ အုပ်ချုပ်ရေးစနစ် ၁၉၈၈ –၂၀၁၀

မြန်မာနိုင်ငံသည် ၁၉၆၂ မှ ၁၉၈၈ ခုနှစ်ထိ အုပ်ချုပ်ရေးတွင် တစ်ပါတီဗဟိုချုပ်ကိုင်မှုစနစ်၊ စီးပွားရေး တွင် တံခါးပိတ် စနစ်တို့ဖြင့် တိုင်းပြည်နွံနစ်စေခဲ့ပြီး ပြည်သူတို့၏ဘဝမှာ အမှောင်ကျခဲ့သည်။ ၁၉၈၈ ခုနှစ် ဩ ဂုတ်လ ၈ ရက်နေ့တွင် အထွေထွေမကျေနပ်ချက်များကြောင့် ပြည်သူတစ်ရပ်လုံးက ဦးနေဝင်း၏ တစ်ပါတီ အာဏာရှင်စနစ် ကို ဆန့်ကျင်ပြီး ဒီမိုကရေစီခေတ်ပြောင်းတော်လှန်ရေးကြီးကို ဆင်နွှဲခဲ့သည်။ သို့သော် ရက်ပေါင်း ၄၁ ရက်အကြာ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ရက်နေ့တွင် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး စောမောင် ခေါင်းဆောင်သော စစ်တပ်က အာဏာသိမ်းယူခဲ့သောကြောင့် မြန်မာနိုင်ငံသည် ဒုတိယအကြိမ် အမှောင်ကျခဲ့ရသည်။ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်တွင် အမိန့်အမှတ် ၁/၈၈ ကိုထုတ်ပြန်ကြေညာ ပြီး နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက် ရေးအဖွဲ့ (နဝတ)ကို ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောမောင်၊ အတွင်းရေး မှူး(၁) ဗိုလ်မှူးချုပ်ခင်ညွန့်၊ အတွင်းရေးမှူး(၂) ဗိုလ်မှူးကြီး တင်ဦးနှင့် အဖွဲ့ဝင် ၁၆ ဦးတို့ဖြင့် ဖွဲ့စည်းခဲ့သည်။ နိုင်ငံတော်အာဏာကိုသိမ်းယူခဲ့ပြီးနောက် ရန်ကုန်၊ မန္တလေး အပါအဝင် တစ်နိုင်ငံလုံးရှိ သပိတ်စခန်းများကို အင်အားသုံးဖြိုခွင်းခဲ့သဖြင့် ဆန္ဒပြပြည်သူရာပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ရသည်။ သို့သော် စစ်အစိုးရထုတ် ပြန်ချက်တွင်မူ အာဏာသိမ်းပြီးဆန္ဒပြမှုများကိုနှိမ်နင်းရာ၌ ၁၅ဦးသာ သေဆုံးခဲ့ကြောင်း ဖော်ပြခဲ့သည်။ နဝတအစိုးရဖွဲ့စည်းပြီးသည်နှင့်တပြိုင်နက် တာဝန်ကြီး၄ရပ်ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန် ကြေညာခဲ့ရာ ပါတီစုံအထွေထွေရွေးကောက်ပွဲ ကျင်းပပေးမည့်အချက် ပါဝင်ခဲ့သည်။ တာဝန်ကြီး၄ရပ်မှာ

တရားဥ ပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ ပြည်သူများ၏စားဝတ်နေရေးချောင်လည်စေရေးနှင့်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးတို့ဖြစ်သည်။ သို့သော် မည်သည့်တာဝန်ကိုမျှ အောင်မြင်မှုရရှိရန် ဆောင်ရွက်ပေးနိုင်ခြင်းမရှိခဲ့သည်ကို ဆင်းရဲကြပ်တည်းမှုအညွှန်းကိန်းများ၊ကုန်စည်စီးဆင်းမှုခက်ခဲခြင်းများနှင့်ရွေးကောက်ပွဲအနိုင်ရသော်လည်းပြည်သူ့ဆန္ဒကို မျက်ကွယ်ပြုကာနိုင်ငံအာဏာလွှဲပြောင်းပေးခြင်းမပြုခဲ့ခြင်း စသည့် အချက်လက်များဖြင့်သိရှိနိုင်သည်။

၁၉၈၈ခုနှစ်စက်တင်ဘာလ၂၇ရက်နေ့တွင်နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကိုပြဋ္ဌာန်းခဲ့သည်။ ၁၉၉၀ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့တွင် ကြေညာချက်အမှတ် ၁/၉၀ ကို ထုတ်ပြန်၍ နဝတသည် မည်သည့်ဖွဲ့စည်းပုံအခြေခံဥပဒေကိုမျှ လိုက်နာကျင့်သုံးသော အဖွဲ့အစည်းမဟုတ်ဘဲ နိုင်ငံတော်ကို စစ်အုပ်ချုပ်ရေး (Martial Law) ဖြင့်အုပ်ချုပ်နေသော စစ်အစိုးရဖြစ်ကြောင်း အတိအလင်းကြေညာခဲ့သည်။ စစ်အစိုးရဖြစ်သည် နှင့်အညီ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးစသည့် အာဏာသုံးရပ်လုံးကို နဝတအစိုးရကသာ ပိုင်ဆိုင်ကျင့်သုံးခဲ့သည်။ ထို့ကြောင့်ပင် ၁၉၉၀ ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် ပြည်သူတို့ဆန္ဒမဲဖြင့်အနိုင်ရရှိခဲ့သည့်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(အန်အယ်လ်ဒီပါတီ)ကိုအာဏာလွှဲပြောင်းပေးခြင်းမရှိဘဲ စစ်အစိုးရအာဏာ သက်တမ်းရှည်စေမည့် ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်ရေးဆွဲရေးကိုသာ အာရုံစိုက်ခဲ့သည်။

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ကြေညာချက်အမှတ် ၁/၉၇ ဖြင့် နဝတအဖွဲ့ကို ဖျက်သိမ်းပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ)ဟု ပြောင်းလဲဖွဲ့စည်းခဲ့သည်။ အဖွဲ့ဝင် ၁၁ ဦး ပါဝင်သော နအဖအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တာဝန်ယူခဲ့ပြီး ထိုအဖွဲ့ဝင်တို့သည် အစိုးရဝန်ကြီးများအဖွဲ့ထက် အာဏာကို ပို၍သုံးနိုင်ခွင့်ရှိခဲ့သည်။ သက်ဆိုင်ရာ တိုင်းနှင့်ပြည်နယ် နအဖကောင်စီများနှင့် မြို့နယ်ခရိုင်ကောင်စီများ၏ ဥက္ကဋ္ဌရာထူးများကိုလည်း တပ်မတော်အရာရှိ များကသာ ရယူထားခြင်းဖြင့် အာဏာနှင့်လုပ်ပိုင်ခွင့်များကို ချုပ်ကိုင်ထားခဲ့ကြသည်။

၁၉၉၃ ခုနှစ် စက်တင်ဘာလ ၁၅ ရက်တွင် လူမှုရေးအသင်းအဖြစ် စတင်ဖွဲ့စည်းခဲ့သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကို ၂၀၁၀ ခုနှစ် ဇွန်လ ၂ ရက်၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီအဖြစ် အသွင်ပြောင်းခဲ့သည်။ ဤသို့ဆောင်ရွက်ခြင်းမှာ စစ်အစိုးရအဖြစ်မှ အရပ်သားအစိုးရ အသွင်ပြောင်း၍ နိုင်ငံကိုဆက်လက်အုပ်ချုပ်နိုင်ရန် ကြိုတင်ပြင်ဆင်ခဲ့ခြင်းသာဖြစ်သည်။ ထို့ပြင် မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားမှုများနှင့် ဦးဆောင်ကြိုးပမ်းဆောင်ရွက်သူများကိုလည်း နည်းလမ်းမျိုးစုံအသုံးပြု၍ တရားမဲ့ဖိနှိပ်မှုများ ပြုလုပ်ခဲ့သည်။ ထင်ရှားသောဖြစ်ရပ်များမှာ ဒီပဲယင်းလုပ်ကြံမှုနှင့် ရွှေဝါရောင်တော်လှန်ရေးတို့ဖြစ်ကြသည်။

၂၀၀၃ ခုနှစ် မေလ ၃၀ ရက်၌ ကချင်ပြည်နယ် စည်းရုံးရေးခရီးစဉ်မှပြန်လာသော ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင်များ စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့နယ် ကျီရွာအရောက်တွင် စစ်အစိုးရ၏ နောက်ခံပြုလူအုပ်စုက လုပ်ကြံသတ်ဖြတ်ခဲ့ကြသည်။ ထို့ကြောင့် အနည်းဆုံးလူပေါင်း ၇၀ခန့် သေဆုံးခဲ့သည့် ဒီပဲယင်းလုပ်ကြံမှုအရေးအခင်းကြီးပေါ်ပေါက်ခဲ့သည်။ လုပ်ကြံသူများသည် သံဃာအယောင်

ဆောင် သက်န်းများ ဝတ်ဆင်ထားကြပြီး ၎င်းတို့မှာ စစ်အာဏာရှင်တို့ကဖွဲ့စည်းထားသော ပြည်ခိုင်ဖြိုး အသင်း၏ လက်ကိုင်တုတ် စွမ်းအားရှင်ဟုခေါ်သော လို့ဝှက်မသမာသူများဖြစ်ကြသည်။ စစ်အာဏာရှင် တို့က ဒေါ်အောင်ဆန်းစုကြည်နှင့် တကွ အန်အယ်ဒီပါတီဝန်းရံသူများကို ဒီပဲယင်းအရေးအခင်းတွင် အဓိက တာဝန်ရှိသည်ဟု မတရားစွပ်စွဲကာ ထောင်သွင်းအကျဉ်းချခဲ့သည်။

အာဏာရှင်တို့၏ နိုင်ငံရေးအရဖိနှိပ်မှုများ၊ လူ့အခွင့်အရေးချိုးဖေါက်မှုများကို ဆန့်ကျင်လိုခြင်း၊ ကြေညာချက်မထုတ်ပြန်ဘဲ လောင်စာဆီထောက်ပံ့ခြင်းကို ရပ်ဆိုင်းလိုက်၍ ဒီဇယ်နှင့်ဓာတ်ဆီဈေးနှုန်း ၆ဂ ရာခိုင်နှုန်းကျော်ထိ မြင့်တက်ခဲ့ခြင်းတို့ကြောင့် ၂၀၀၇ ခုနှစ် ဩဂုတ်လမှအောက်တိုဘာလအတွင်း အစိုးရ ဆန့်ကျင်ရေးဆန္ဒပြမှုဖြစ်သည့် ရွှေဝါရောင်တော်လှန်ရေး ပေါ်ပေါက်ခဲ့သည်။ ဆန္ဒပြမှုအတွင်း ဗုဒ္ဓဘာသာ ရဟန်း သံဃာထောင်ပေါင်းများစွာ ပါဝင်ခဲ့ခြင်းကြောင့် ရွှေဝါရောင်တော်လှန်ရေးဟု ထင်ရှားသည်။



ပုံ(၁၁)ဒီပဲယင်းလုပ်ကြံမှုအရေးအခင်း



ပုံ(၁၂)ရွှေဝါရောင်တော်လှန်ရေး

ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် အခြေခံမူများချမှတ်ရန် အမျိုးသားညီလာခံကို ၁၉၉၃ ခု နှစ် မှ ၂၀၀၇ ခုနှစ်ထိ ၁၄ နှစ်တိုင်တိုင် လှည်းကူးမြို့နယ် ညောင်နှစ်ပင်ကျေးရွာ၌ ကျင်းပခဲ့သည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေ မရှိသည့်အတွက် တပ်မတော်မှ အာဏာလွှဲပေးရန်မဖြစ်နိုင်ဟု အကြောင်းပြကာ နိုင်ငံရေးတွင် စစ်တပ်ပါဝင်နိုင်ရန် ဥပဒေတစ်ရပ်ရေးဆွဲရန်မျှသာဖြစ်သည်။ မြန်မာတစ်မျိုးသားလုံးကို ကိုယ်စားပြုသယောင် အမည်ခံထားသော ညီလာခံ၏ ကိုယ်စားလှယ်အများစုမှာ စစ်တပ်မှရွေးချယ်တာဝန်ပေးသည့် အလွှာစုံ လူတန်းစားများဖြစ်ကြသည်။ ၁၉၉၅ ခုနှစ်တွင် ညီလာခံတက်ရောက်နေသည့် အန်အယ်လ်ဒီပါတီ ကိုယ်စားလှယ်များက ညီလာခံဆွေးနွေးချက် များသည် ပြည်သူ့ဆန္ဒနှင့်မကိုက်ညီကြောင်းကိုတင်ပြခဲ့ကြ သဖြင့် ကိုယ်စားလှယ်များကို ညီလာခံမှထုတ်ပယ်လိုက် ခြင်းဖြင့် ဒီမိုကရေစီလှုပ်ရှားမှုကို ဟန့်တားဖျက်ဆီးခဲ့ သည်။

၂၀၀၈ ခုနှစ် မေလ ၂ ရက်နေ့တွင် နာဂစ်ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခံရ၍ လူပေါင်းသိန်းချီ သေဆုံးခဲ့ရပြီး ဆိုးရွားစွာပျက်ဆီးမှုများရှိခဲ့သော်လည်း မေလ ၁၀ ရက်နေ့နှင့် ၂၄ ရက်နေ့များတွင် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပ၍ အခြေခံဥပဒေမူကြမ်းကို အတည်ပြုခဲ့သည်။ ၂၀၀၈ ခုနှစ် မေလ ၂၉ ရက်တွင် အခြေခံဥပဒေကို တရားဝင်အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ၂၀၀၈အခြေခံဥပဒေတွင် သမ္မတစနစ်ကိုအခြေခံထားပြီး ပြည်သူ့လွှတ်တော် နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်လုံးတွင် ရွေးကောက်ယှဉ်ပြိုင်ရန်မလိုအပ်သည့် စစ်တပ်မှရွေးချယ်ပေးသော တပ်မတော်သားကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်း ပါဝင်သည်။

၂၀၁၀ ခုနှစ် နိုဝင်ဘာလ ၇ ရက်တွင် စစ်အစိုးရကဦးစီး၍ အထွေထွေရွေးကောက်ပွဲကို ကျင်းပခဲ့ရာ ထောင်ဒဏ်ချမှတ်ထားခံရသူများ ဝင်ရောက်ယှဉ်ပြိုင်ခွင့်မရှိဟူသည့်အချက်ပါဝင်သော ရွေးကောက်ပွဲဥပဒေသစ် ကိုပြဋ္ဌာန်းပြီးမှသာ ကျင်းပခဲ့ခြင်းဖြစ်သည်။ အဓိကအတိုက်အခံပါတီ အန်အယ်လ်ဒီကို ပါဝင်ခွင့်မပေးဘဲ ကျင်းပခဲ့သည့်အတွက် ၂၀၁၀ အထွေထွေရွေးကောက်ပွဲတွင် ဦးသိန်းစိန်ခေါင်းဆောင်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက အနိုင်ရခဲ့သည်။ တိုင်းပြည်အာဏာကို ရေရှည်ဆက်လက်ထိန်းချုပ်ထားလိုသည့် စစ်အစိုးရသည် လမ်းပြမြေပုံ (Road Map) ခေါ် မူဝါဒလမ်းစဉ် (၇) ရပ်ကိုချမှတ်ကာ ၄င်းတို့စိတ်ကြိုက် အုပ်ချုပ်ချယ်လှယ်ခဲ့ကြသည်။ မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများအားလုံးကို နည်းအမျိုးမျိုးဖြင့် ဆက်လက်ဖိနှိပ်ခဲ့သည်။ ထို့ကြောင့် ပြည်သူတို့မှာ လူ့အခွင့်အရေးများဆုံးရှုံးကာ စစ်အာဏာရှင်တို့၏ မတရားဖိနှိပ် ချယ်လှယ်မှုကိုခံခဲ့ကြရသည်။

### ၁.၃.၂ အုပ်ချုပ်ရေးစနစ် ၂၀၁၁–၂၀၂၀

၂၀၁၁ မှ ၂၀၁၅ ခုနှစ်အထိ မြန်မာ့နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများသည် တပ်မတော်ကျောထောက်နောက်ခံပြုအစိုးရမှဆောင်ရွက်သော နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ ပြုပြင်ပြောင်းလဲမှုများနှင့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးဆောင်ရွက်ရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၀ ခုနှစ် နိုဝင်ဘာလ ၇ ရက်တွင်စစ်အစိုးရသည် အန်အယ်လ်ဒီပါတီပါဝင်ခြင်းမရှိဘဲ အထွေထွေရွေးကောက်ပွဲများကျင်းပခဲ့သောကြောင့် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီမဲ၇၆ရာခိုင်နှုန်းဖြင့်တစ်ဖက်စောင်းနင်းအနိုင်ရရှိခဲ့သည်။

၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် ဦးသိန်းစိန်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သမ္မတအဖြစ် ခံယူကာ အစိုးရတစ်ရပ်ကို ဖွဲ့စည်းခဲ့သည်။ အစိုးရသစ်သည် လစ်ဘရယ်ဒီမိုကရေစီသို့ဦးတည်ရန်၊ နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကပိုင် ဒွန်တွဲသောစီးပွားရေးစနစ်ဖော်ဆောင်ရန်နှင့် အမျိုးသားရင်ကြားစေ့ရေးများ လုပ်ဆောင်ရန်အတွက် ပြုပြင်ပြောင်းလဲမှုများစတင်ခဲ့သည်။ ပြောင်းလဲမှုများတွင် ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်မှ လွှတ်ပေးခြင်း၊ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်းခြင်း၊ နိုင်ငံရေးအကျဉ်းသား၂၀၀ကျော် လွတ်ငြိမ်း ချမ်းသာခွင့်ပေးခြင်း၊ အလုပ်သမားဥပဒေသစ်ပြဋ္ဌာန်းခြင်း၊ စာနယ်ဇင်းဆင်ဆာလျှော့ပေါ့ခြင်းနှင့် ငွေကြေးဆိုင်ရာ စည်းမျဉ်းများချမှတ်ခြင်းတို့ ပါဝင်ခဲ့သည်။

၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ကျင်းပသော ကြားဖြတ်ရွေးကောက်ပွဲတွင် အန်အယ်ဒီပါတီ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာ အမတ်နေရာအများဆုံးအနိုင်ရရှိခဲ့သည်။ သို့သော် တရားဥပဒေစိုးမိုးရေးပြုပြင်ပြောင်းလဲရန်၊ ၂၀၀၈ အခြေခံဥပဒေကိုပြင်ဆင်ရန်နှင့် အမျိုးသားရင်ကြားစေ့ရေးတည်ဆောက်ရန် ကြိုးပမ်းမှုများတွင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။ ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီများမဲပေးမှု လုပ်ငန်းစဉ်ကို နိုင်ငံတကာမှ စောင့်ကြည့်လေ့လာသူများအား ပထမဆုံးအကြိမ်အဖြစ် ခွင့်ပြုပေးခဲ့သည်။ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပခဲ့သော ရွေးကောက်ပွဲသည် ပထမဆုံးပွင့်လင်းမြင်သာစွာယှဉ်ပြိုင်ခဲ့သည့် ရွေးကောက်ပွဲဖြစ်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အပြတ်အသတ်အနိုင်ရရှိခဲ့သည်။ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် လွှတ်တော်အသစ်ခေါ်ယူခဲ့ပြီး ဦးထင်ကျော်ကို ပြည်သူ့အစိုးရ၏ ပထမဆုံး သမ္မတအဖြစ် မတ်လ ၁၆ ရက်နေ့တွင် ရွေးကောက်တင်မြှောက်ခဲ့သည်။ ၂၀၁၆ ခုနှစ် ဧပြီလ ၆ ရက်တွင် ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၀၈အခြေခံ ဥပဒေကိုအခြေပြု၍ နိုင်ငံတော်အတိုင်ပင်ခံရာထူးကို ရယူနိုင်ခဲ့သည်။

မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးဗဟိုဌာန (MPC)ကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)အဖြစ် ဇူလိုင်လ ၂၅ ရက်တွင် ပြောင်းလဲဖွဲ့စည်းခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်က ဥက္ကဋ္ဌတာဝန်ကိုယူခဲ့သည်။ ၂၀၁၆ ခုနှစ် ဩဂုတ်နှင့်စက်တင်ဘာတို့တွင် အရေးပေါ်စီမံမှုအက်ဥပဒေနှင့် နိုင်ငံတော်အားနှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှကာကွယ်စောင့်ရှောက်သည့်ဥပဒေတို့ကို ဖျက်သိမ်းခဲ့သည်။ ထို့အပြင် ဧည့်စာရင်းတိုင်ကြားခြင်းဆိုင်ရာဥပဒေများကို ပယ်ဖျက်ရန် လွှတ်တော်နှစ်ရပ်စလုံးက မဲခွဲဆုံးဖြတ်၍ အတည်ပြုခဲ့သည်။ ပြည်သူများအပေါ် စစ်တပ်နှင့်ရဲတပ်ဖွဲ့က နောက်ယောင်ခံစောင့်ကြည့်ခြင်း၊ နေအိမ်တွင်းသို့ ဥပဒေမဲ့ဝင်ရောက်ဖမ်းဆီးခြင်းနှင့် ဖုန်းဆက်သွယ်မှုကြားဖြတ်မှတ်တမ်းယူခြင်းများ မပြုလုပ်နိုင် ရန်အတွက် နိုင်ငံသားများ၏ပုဂ္ဂိုလ်ရေးဆိုင်ရာလွတ်လပ်မှုနှင့်လုံခြုံမှုကာကွယ်ရေးဥပဒေကို ၂၀၁၇ ခုနှစ် မတ်လ တွင် ပြဋ္ဌာန်းခဲ့သည်။ ပြည်ခိုင်ဖြိုးအစိုးရလက်ထက်ကပြဋ္ဌာန်းခဲ့သည့် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စီတန်းလှည့်လည် ခြင်းဆိုင်ရာဥပဒေကိုလည်း ၂၀၁၆ နှင့် ၂၀၁၈တို့တွင် နှစ်ကြိမ် ပြင်ဆင် ခဲ့သည်။

ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်၊ ဖက်ဒရယ်စနစ်ချမှတ်နိုင်ရေးနှင့် တိုင်းရင်းသားများတန်းတူညီမျှမှုရရှိရေးတို့ မှာ နိုင်ငံရေးစေ့စပ်ဆွေးနွေးမှုများနှင့်သာ ဖြေရှင်းနိုင်မည်ဖြစ်သည်။ ထို့ကြောင့် အန်အယ်ဒီအစိုးရ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်မှ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ( ၂၁ ရာစု ပင်လုံညီလာခံ)ကို မွေးဖွားပေးခဲ့သည်။ ၂၁ ရာစု ပင်လုံ ညီလာခံကို ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် ပထမအကြိမ်၊ ၂၀၁၇ ခုနှစ် မေလတွင် ဒုတိယအကြိမ်နှင့် ၂၀၁၈ ခုနှစ် ဩဂုတ်လတွင် တတိယအကြိမ်ကျင်းပခဲ့ပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၃ရက်တွင် လားဟူဒီမိုကရက်တစ် အစည်းအရုံး(LDU)၊ မွန်ပြည်သစ်ပါတီ(NMSP)တို့နှင့် အပြစ်အခတ်ရပ်စဲရေးသဘောတူညီချက်(NCA) ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

နိုင်ငံတော်သမ္မတဦးထင်ကျော်သည် ကျန်းမာရေးအခြေအနေကြောင့် ၂၀၁၈ ခုနှစ် မတ်လ၂၁ ရက်တွင် ရာထူးမှအနားယူခဲ့သည်။ ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်မှ မတ်လ၂၈ ရက်တွင် ဦးဝင်းမြင့်ကို ဒသမမြောက် သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခဲ့သည်။ ၂၀၁၈ နှစ်ကုန်ပိုင်းမှစ၍ KNU နှင့် RCSS တို့က တရားဝင်ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် ပါဝင်မှုရပ်ဆိုင်းခဲ့ခြင်း ကြောင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ၁၅ လကြာ ရပ်တန့်ခဲ့ရသည်။ ၂၀၁၉ ခုနှစ် ဇူလိုင်လ ၂၃ ရက်တွင် ကလေးသူငယ်အခွင့်အရေးဆိုင်ရာဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေနှင့်စပ်လျဉ်း၍ ကော်မတီ တရပ်ကိုလည်း ဖွဲ့စည်းခဲ့သည်။ မြန်မာ့နိုင်ငံရေး အခင်းအကျင်း သည် သမိုင်းဝင်အသွင်ကူးပြောင်းရေးကာလကို ဖြတ်သန်းခဲ့ရသည်။ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော ဒီမိုကရေစီ အစိုးရသစ်၏ ထူးခြားသည့်လုပ်ဆောင်ချက်များကြောင့် ဒီမိုကရစီလမ်းကြောင်းပေါ်သို့ ရောက်ရှိလာခဲ့သည်။

၂၀၂၀ အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာလ ၈ ရက်နေ့တွင် မဲဆန္ဒနယ်ပေါင်း ၁၁၁၇ နယ်တွင် ပြုလုပ်ခဲ့ရာ စုစုပေါင်း(၉၁)ပါတီမှဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က မဲဆန္ဒနယ် ၉၂၀ တွင် လွှတ်တော်နေရာ ၄၇၆ နေရာအနက် ၃၉၆ နေရာကိုအနိုင်ရရှိခဲ့ရာ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲရလဒ်ထက ပင်ပို၍များပြားသည်။အနိုင်ရပါတီများတွင်ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်၊ရခိုင်အမျိုးသားများပါတီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊တအောင်း(ပလောင်)အမျိုးသားပါတီ၊ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မွန်ညီညွတ်ရေးပါတီ၊ ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ၊ ကချင်ပြည်နယ်ပြည်သူ့ပါတီ၊ ရခိုင့်ဦးဆောင်ပါတီ၊ဝအမျိုးသားပါတီ၊ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်၊တစ်သီးပုဂ္ဂလ၊လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ကချင်ဒီမိုကရက်တစ်ပါတီ၊ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ၊ကရင်ပြည်သူ့ပါတီ၊ချင်းအမျိုးသားများဒီမိုကရေစီအဖွဲ့ချုပ်၊လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့်ကယန်းအမျိုးသားပါတီတို့ပါဝင်ခဲ့ကြသည်။ စစ်တပ်၏ကျောထောက်နောက်ခံပါတီဖြစ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီကမူ လွှတ်တော်တွင် ၃၃ နေရာသာ အနိုင်ရရှိခဲ့သည်။ သို့သော် မဲစာရင်းမှားယွင်းသည်ဟု အကြောင်းပြကာ စစ်တပ်မှ ရွေးကောက်ပွဲရလဒ်ကိုအသိအမှတ်မပြုဘဲ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် အာဏာသိမ်းယူခဲ့ ပြီး နိုင်ငံတော်အတိုင်ပင်ခံ၊နိုင်ငံတော်သမ္မတ၊ပါတီခေါင်းဆောင်များနှင့်ပါတီဝင်အများအပြားကိုဥ ပဒေမဲ့ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ထို့ကြောင့်တရားမျှတမှုနှင့်အမှန်တရားကိုလိုလားသော ပြည်သူများက နွေဦး တော်လှန်ရေးအဖြစ် မြန်မာ့ဒီမိုကရေစီအရေးလှုပ်ရှားမှုတိုက်ပွဲကြီးကို ဆက်လက်၍ကြိုးပမ်းနေကြခြင်း ဖြစ်သည်။

NUG MOE

## ၁.၄ စီးပွားရေးအခြေအနေ

### ၁.၄.၁ စီးပွားရေးအခြေအနေ ၂၀၁၁–၂၀၁၀

မြန်မာနိုင်ငံသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီအစိုးရ၏ တံခါးပိတ်စီးပွားရေးစနစ် ကျင့်သုံးခဲ့သဖြင့် စိုက်ပျိုးရေးအပါအဝင် စီမံကိန်းပေါင်းစုံတွင် မအောင်မြင်ခဲ့ပေ။ တိုင်းပြည်စီးပွားရေးမှာ အဆင်းရဲဆုံးနိုင်ငံအဆင့်သို့ ကျရောက်ခဲ့ရသည်။ ၁၉၈၈ ဒီမိုကရေစီအရေးလှုပ်ရှားမှုအပြီးတာဝန်ယူခဲ့သော စစ်အစိုးရလက်ထက်၌ တံခါးဖွင့် စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့သော်လည်း နိုင်ငံရေးအခြေအနေမတည်ငြိမ်မှုနှင့် အကျင့်ပျက်ခြစားမှုများကြောင့် နိုင်ငံ၏စီးပွားရေးအခြေအနေမှာ ထူးထူးခြားခြား တိုးတက်ကောင်းမွန်လာခြင်းမရှိခဲ့ပေ။ စစ်အစိုးရက အတိုက်အခံများအပေါ် မတရားဖမ်းဆီးထောင်ချခြင်း၊ လူ့အခွင့်အရေးချိုးဖေါက်ခြင်း၊ ပြည်သူလူထုတစ်ရပ်လုံး အပေါ် အကြောက်တရားသွင်းကာ အနိုင်ကျင့်နှိပ်စက်အုပ်ချုပ်ခြင်းတို့ကြောင့် အမေရိကန်အပါအဝင် အနောက် နိုင်ငံတို့၏ စီးပွားရေးနှင့်နိုင်ငံရေးအရ ဒဏ်ခတ်အရေးယူပိတ်ဆို့ခြင်းကိုလည်း ခံခဲ့ရသည်။ ထို့ကြောင့် တရုတ်၊ အိန္ဒိယ၊ ထိုင်း စသည့် အိမ်နီးချင်းနိုင်ငံတို့နှင့် နယ်စပ်ကုန်သွယ်ရေးကိုသာ အဓိကအားထားခဲ့ရသည်။ အထူးသဖြင့် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများမှာ မြန်မာနိုင်ငံသို့ အလုံးအရင်းဖြင့်ဝင်ရောက်လာပြီး တရုတ်၏ဩဇာလွှမ်းမိုးမှုမှာ အရှိန်အဟုန်ဖြင့် တိုးမြင့်လာခဲ့သည်။

မြန်မာနိုင်ငံ၏ စီးပွားရေးစနစ်သည် ပုဂ္ဂလိကပိုင်၊ အစိုးရပိုင်နှင့် တပ်မတော်ပိုင် ဟူ၍ ပုံစံ (၃)မျိုး ရှိခဲ့သည်။ စိုက်ပျိုးရေးနှင့် အသေးစားစက်မှုလုပ်ငန်းများတွင် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများက နေရာယူထားပြီး စွမ်းအင်၊ အကြီးစားစက်မှုလုပ်ငန်းနှင့် ဆန်စပါးရောင်းဝယ်ရေးတို့ကို အစိုးရပိုင်အဖြစ် ရယူထားသည်။ တပ်မတော်ပိုင် စီးပွားရေးကမူ ကဏ္ဍမျိုးစုံ၌ နေရာယူထားသည်။ ၁၉၉၇ ခုနှစ်တွင် စစ်တပ်က မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (The Myanmar Economic Corporation – MEC )ကို တည်ထောင်ပြီး အာဏာကိုအသုံးချကာ စီးပွားရေးလုပ်ငန်း မျိုးစုံကို လုပ်ကိုင်လာခဲ့သည်။ ထို့ပြင် အာဏာရှင်အုပ်ချုပ်သူလူတန်းစားများနှင့် ရင်းနှီးအောင်ပေါင်းပြီး လုပ်ကိုင်ခွင့်များရယူကာ စီးပွားဖြစ်နေကြသော ခရိုနီများမှာ ပိုမိုချမ်းသာကြွယ်ဝလာကြပြီး ပြည်သူအများစုမှာ ဆင်းရဲကျပ်တည်းမှုသံသရာမှ ရုန်းထွက်နိုင်ခြင်းမရှိခဲ့ပေ။

၁၉၉၉ ခုနှစ်တွင် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးလုပ်ငန်းစဉ်ကိုဆောင်ရွက်နိုင်ရန် အဖွဲ့ဝင် (၂၀) ဦးပါဝင်သည့် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ကို ဖွဲ့စည်းခဲ့သည်။ တိုင်းနှင့်ပြည်နယ်အသီးသီးတွင် စက်မှုဇုံ (၁၈) ခုကို တည်ထောင်ခဲ့သည်။ မြန်မာ့စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကော်မတီကို ဖွဲ့စည်းခဲ့ပြီး အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုသည်။ ပုဂ္ဂလိကပိုင်လုပ်ငန်းများအား အသင့်အတင့်တိုးချဲ့ခွင့်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ခွင့်ပြုခဲ့၍ ဘဏ်လုပ်ငန်းများလည်း အများအပြားပေါ်ပေါက်လာသည်။ ၂၀၀၁ ခုနှစ်တွင် ပထမဆုံး အွန်လိုင်းဘဏ်စနစ်ကို စတင်မိတ်ဆက်သည့်ဘဏ်မှာ အာရှဓနဘဏ်ဖြစ်သည်။ ဂျီ၇ (Group of Seven G7) နှင့် စီးပွါးရေးပူးပေါင်းမှုနှင့် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (Organization for Economic Co–operation and Development) တို့မှ ဖွဲ့စည်းထားသော ငွေရေးကြေးရေးလုပ်ငန်းများ ငွေကြေးခဝါချမှုစောင့်ကြည့်ရေးအဖွဲ့ (FATF) မှ မြန်မာနိုင်ငံသည် ပူးပေါင်းမှုမရှိဟု သတ်မှတ်လိုက်သည်။

မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးမှရလာသော ငွေမည်းများကို ဘဏ်များမှတစ်ဆင့် ငွေကြေးခဝါချနေ သည်ဟု စွပ်စွဲချက်များကို တုံ့ပြန်ရန် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေကို အစိုးရမှထုတ်ပြန်ခဲ့ပြီး မြန်မာငွေ ကျပ် သန်း ၁၀၀ အထက် ငွေအကူးအပြောင်းတိုင်းကို အစီရင်ခံစာတင်ရမည်ဟု အမိန့်ထုတ်ခဲ့သည်။ ၂၀၀၂ ခုနှစ် နောက်ပိုင်းတွင် မြန်မာနိုင်ငံ၌ ဘဏ်အကြပ်အတည်းကို စတင်ကြုံတွေ့ခဲ့ရပြီး ဗဟိုဘဏ်မှလည်း ဝင်ရောက် ဆယ်ယူပေးနိုင်သော အခြေအနေမရှိသဖြင့် ၂၀၀၃ခုနှစ် စီးပွားရေးအကျပ်အတည်းကို ဦးတည်သွားစေခဲ့သည်။ ၂၀၀၅ ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့တွင် မြန်မာနိုင်ငံ၏အုပ်ချုပ်ရေးမြို့တော်ကို ရန်ကုန်မြို့မှ နေပြည်တော်သို့ ရွှေ့ပြောင်းခဲ့သည်။ ကျေးလက်ဒေသနှင့်တိုင်းရင်းသားဒေသများမှာ ဆင်းရဲနွမ်းပါးပြီး လမ်းပန်းဆက်သွယ်ရေး မကောင်းသည့်အချိန်တွင် စစ်အစိုးရက နေပြည်တော်မြို့သစ်ကို ကျပ်သိန်းပေါင်းထောင်သောင်းချီ အကုန်အကျခံ ကာ ပြည်သူ့ဘဏ္ဍာငွေများဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ပြည်သူတို့မှာ လျှပ်စစ်မီးပုံမှန်မရကြဘဲ ဆင်းရဲကြပ်တည်းနေချိန် စစ်အာဏာပိုင်များ၏နေပြည်တော်တွင် ၂၄နာရီ လျှပ်စစ်မီး မပြတ်တောက်ပဲ ရှိနေသည်။ ၂၀၀၇ ခုနှစ်တွင် စက်သုံးဆီဈေးသည် ၆၀ ရာခိုင်နှုန်းခန့် တက်သွားခြင်းကို အကြောင်းပြု၍ ရွှေဝါရောင် တော်လှန်ရေး ပေါ်ပေါက်လာခဲ့သည်။ အကျိုးဆက်အနေနှင့် အခြေခံစားကုန်များဖြစ်သော ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ စသည်တို့ပါ ဈေးတက်ကုန်သည်။ ထို့ကြောင့် ဆန္ဒပြပွဲများပေါ်ပေါက်လာပြီး စစ်တပ်က ကြမ်းတမ်းစွာဖြိုခွင်းခဲ့၍ နိုင်ငံတကာမှရှုံ့ချမှုကို ခံခဲ့ရသည်။ အမေရိကန်၊ ကနေဒါ၊ ဩစတြေးလျနှင့် အခြားနိုင်ငံများက အတင်းကြပ်ဆုံး သော ပိတ်ဆို့မှုကို ချမှတ်ခဲ့ပြီး (EU)ကလည်း အရေးယူမှု အရှိန်တိုးမြှင့်ခဲ့သည်။

၂၀၀၅ ခုနှစ် နှစ်ကုန်ပိုင်းမှစ၍ နအဖစစ်အာဏာရှင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တစ်နိုင်ငံလုံးအနှံ့ ကြက်ဆူစီမံကိန်းကို နိုင်ငံတော်စီမံကိန်းအဖြစ် စတင်အကောင်အထည်ဖော်ခဲ့သည်။ ကြက်ဆူပင်စုစုပေါင်း ဧက ၅၀၀,၀၀၀ မဖြစ်မနေစိုက်ပျိုးရမည်ဖြစ်ပြီး ၃နှစ်အတွင်း တစ်နိုင်ငံလုံးအနှံ့တွင် ဧက ၈.၅ သန်း စိုက်ပျိုးရမည်ဟူသောအမိန့်ကို ထုတ်ပြန်ခဲ့သည်။ ဒေသအာဏာပိုင်များက ကြက်ဆူပင်များစိုက်ပျိုးရန် မြေများကိုချပေးခဲ့ပြီး မြေလွတ်၊ မြေလပ် နှင့် မြေရိုင်းများတွင်လည်းကောင်း၊ လမ်းဘေးတွင် လည်းကောင်း၊ လယ်ခင်းနှင့်စိုက်ခင်း ခြံစည်းရိုးတစ်လျှောက်တွင်လည်းကောင်း၊ အခြားသော သင့်လျော်ရာမြေများတွင် လည်းကောင်း ကြက်ဆူပင်များစိုက်ပျိုးခဲ့ကြသည်။မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် စက်မှုလယ်ယာဦးစီးဌာနက ကြက်ဆူပင် မျိုးပွားခြံနှင့် မျိုးသန့်ဖုံ များ တည်ထောင်ခဲ့ကြသည်။ အသီးများကို ကြိတ်ခွဲ၍ စက်မောင်းပြ၊ ယာဉ်မောင်းပြသည့် ပွဲများကိုလည်း သတင်းစာများတွင် အကြိမ်ကြိမ် ထည့်သွင်းဖေါ်ပြခဲ့သည်။ ကြက်ဆူပင်စီမံကိန်းနှင့် ပတ်သက်၍ “ဘက်စုံအသုံးဝင် ခြံစည်းရိုးကြက်ဆူပင်”၊ “မိသားစုဝင်ငွေတိုးစေဖို့ ကြက်ဆူပင်စိုက်ကြစို့”၊ “စက်သုံးဆီပိုလျှံရေး ကြက်ဆူပင်ကိုစိုက်ပျိုးပေး”၊ “ကြက်ဆူစိုက်လျှင် ဝင်ငွေရွှင်”၊ “မြေကြီးကရွှေသီးဖို့ ခြံစည်းရိုးကြက်ဆူပင် စိုက်ကြစို့”၊ “အညာမြေကို ကြက်ဆူပင်ဖြင့် အလှဆင်” ဟူသော ဆောင်ပုဒ်အမျိုးမျိုးဖြင့် ပြည်သူလူထုကိုလှုံ့ဆော်ခဲ့သည်။ ကြက်ဆူပင်ခုတ်လျှင် ထောင်ဒဏ် ၃ နှစ် ကျခံစေရမည်ဆိုသည့်အမိန့်များ ပင်ထွက်ရှိခဲ့သည်။ ထို့ပြင်ကြက်ဆူပင်စိုက်ရန် တစ်အိမ်တစ်ယောက်နှုန်း လုပ်အားပေးခဲ့ရသည်။

ကြက်ဆူဆီမှ ဇီဝဒီဇယ်(Biodiesel)ထုတ်လုပ်နိုင်ရန် မြန်မာနိုင်ငံ၌ စိုက်ပျိုးခဲ့သော်လည်း Hi-Tech နည်းပညာ အကန့်အသတ်ရှိခြင်းနှင့်မည်သည့်နိုင်ငံတွင်မှ ဇီဝဒီဇယ်ထုတ်လုပ်နိုင်ခြင်းမရှိ သည်ကို မသိရှိခဲ့ပေ။ ဘရာဇီးနှင့် အိန္ဒိယနိုင်ငံများတွင် ကြက်ဆူပင်စီမံကိန်း အောင်မြင်သော်လည်း မြန်မာပြည်တွင် အတတ်ပညာခေါင်းပါးပြီး အသိပညာမဲ့ဆောင်ရွက်ခဲ့သည့်အတွက် မအောင်မြင်ခဲ့ပေ။ ရာသီဥတုနှင့် မြေဆီလွှာကို မစစ်ဆေးဘဲ ပရမ်းပတာ စိုက်ပျိုးကြသောကြောင့် မြေဧကထောင်သောင်းချီသော စိုက်ခင်းကြီးများ ပျက်စီးခဲ့ရသည်။ ကျွမ်းကျင်သူတို့၏ အကြံဉာဏ်မပါ၊ စနစ်တကျလေ့လာမှုမပြု၊ နည်းပညာအခြေခံ မရှိဘဲ အမိန့်အာဏာတ ခုတည်းကိုသာသုံးပြီးအကောင်အထည်ဖော်ခဲ့သောကြောင့် မြန်မာ့ကြက်ဆူပင်စီမံကိန်းမအောင်မြင်ခဲ့ခြင်း ဖြစ်သည်။ ကြက်ဆူပင်စီမံကိန်းကြောင့်မြန်မာတစ်နိုင်ငံလုံးတွင်ဒေသခံတောင်သူများ၏လယ်ယာမြေများ သိမ်းဆည်းခံခဲ့ရသည်။ ကြက်ဆူကိုမစိုက်မနေရ အမိန့်ထုတ်လိုက်၍ ယာမြေ၊ကိုင်းမြေ ဆုံးရှုံးသွားသော တောင်သူ အများအပြားရှိခဲ့သည်။ ဒြစည်းရိုးကြက်ဆူစိုက်ပျိုးရေးကို စစ်တပ်ဦးဆောင်ပြီး ဝန်ကြီးဌာန များက နိုင်ငံအနှံ့ စိုက်ပျိုးခဲ့ကြသော်လည်း မအောင်မြင်သည့် စီမံကိန်းတစ်ခုမျှသာဖြစ်ခဲ့သည်။ ထို့ကြောင့် နိုင်ငံတော် ဘဏ္ဍာငွေ၊ ပြည်သူ့လုပ်အားနှင့် အချိန်များ များစွာနစ်နာဆုံးရှုံးခဲ့ရသည်။

၂၀၀၈ ခုနှစ် မေလ ၂ ရက်နေ့တွင် ဧရာဝတီတိုင်းသို့ နာဂစ်ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခဲ့ သောကြောင့်လူပေါင်းသသိန်းကျော်သေဆုံးခဲ့ပြီး စပါးစိုက်ခင်းများနှင့်ဆန်များလည်းပျက်ဆီးဆုံးရှုံးခဲ့ရသည်။ နိုင်ငံတကာ အကူအညီပေးရေးအဖွဲ့များမှ ကူညီရန်လာရောက်ခဲ့သော်လည်း ဗင်ခွင့်မပေးခဲ့၍ စစ်အစိုးရကို နိုင်ငံတကာမှ ဝေဖန်ခဲ့ကြသည်။ စစ်အစိုးရလက်ထက် စီးပွားရေးကြပ်တည်းမှုဒဏ်ကို အခံစားရဆုံးမှာ ကျေးလက်နေ ဆင်းရဲသား တောင်သူလယ်သမားများဖြစ်ကြသည်။ တိုင်းပြည်လူဦးရေ၏ ၇၅ ရာခိုင်နှုန်း မှာ ကျေးလက်နေပြည်သူများဖြစ် သောကြောင့် ၂၀၀၁ ခုနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းကို ဖော် ဆောင်ခဲ့သည်။ မြန်မာနိုင်ငံ အလယ်ပိုင်း မြစ်ရေတင်စီမံကိန်းများ၊ မြေနုကျွန်းပေါ်ခွဲဝေစိုက်ပျိုးရေးနှင့် စပါး-ငါး တွဲဖက်စီမံကိန်းများကို တောင်သူလယ်သမားများ၏လုပ်အားကို အသုံးချလုပ်ဆောင်ခဲ့သော်လည်း မည်သည့် လယ်ယာဖွံ့ဖြိုးရေးစီမံကိန်းမျှ အောင်မြင်မှုအကျိုးရလာဒ်မရှိဘဲ ဆုံးရှုံးမှုသာရှိခဲ့သည်။

လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင်လည်း မအောင်မြင်သောစီမံကိန်းများဖြင့် ပြည်သူကို ဒုက္ခပေးစေခဲ့ သည်။ ၁၉၉၆ မှ ၂၀၀၆ ခုနှစ်ထိ ဖေါက်လုပ်ခဲ့ရပြီး ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်က စတင်ဖွင့်လှစ်ပြေး ဆွဲခဲ့သော ကလေး-ဂန့်ဂေါ-ပခုက္ကူရထားလမ်းကို ၂၀၁၀ ခုနှစ် ဇူလိုင်လ ၅ ရက်မှစ၍ ပိတ်ပစ်ခဲ့ရသည်။ ဤ ရထားလမ်း ဖေါက်လုပ်ရာတွင် ဒေသခံပြည်သူတို့၏လုပ်အားကို အတင်းအကျပ်ဖိအားပေးခိုင်းစေခဲ့ပြီး အသက် ပေါင်းများစွာ စတေးခဲ့ရသော်လည်း ပြည်သူလူထုအတွက် အကျိုးမရှိဖြစ်ခဲ့ရပြီး နိုင်ငံတော်ဘဏ္ဍာငွေ အမြောက် အများ ဆုံးရှုံးခဲ့ရသည်။ ဤရထားလမ်းကို ဒုတိယသေမင်းတမံရထားလမ်းဟုပင် တင်စားခေါ်ဝေါ်ခဲ့ကြသည်။

မြန်မာနိုင်ငံနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအခြေအနေမှာလည်း စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၄၀ ရာခိုင်နှုန်းမှာ လျှပ်စစ်ကဏ္ဍ၊ ၃၈ ရာခိုင်နှုန်းမှာ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ၊ ၈ ရာခိုင်နှုန်းမှာ သတ္တုတူးဖေါ်ရေးကဏ္ဍတို့ ဖြစ်သည်။ အခြားကဏ္ဍများတွင် မရှိသလောက် နည်းပါးသည်။ နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေ အများဆုံး

နိုင်ငံခြားဝင်ငွေအများဆုံးပေး နေသော ရောင်းကုန်မှာ ကျွန်းသစ်ဖြစ်သည်။ ထို့ကြောင့် ၂၀၀၁ မှ ၂၀၁၀ ခုနှစ်အတွင်း စုစုပေါင်း ပြည်တွင်း ထုတ်ကုန်တန်ဖိုး (GDP)မှာ နှစ်စဉ် ၁၁ ရာခိုင်နှုန်း တိုးတက်သည်ဟု စစ်အစိုးရကဆိုသော်လည်း ၎င်းတိုးတက်မှုမှာ သဘာဝသယံဇာတများထုတ်ယူရောင်းချမှုအပေါ်တွင်သာ အဓိကထားတွက်ချက်ထားခြင်းဖြစ်သည်။ ပြည်သူလူထု ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု၊ အသိပညာ၊ အတတ်ပညာ၊ နည်းပညာနှင့် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်မည့်ကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံမှုမှာ အလွန်နည်းပါးခဲ့သည်။

၁.၄.၂ စီးပွားရေးအခြေအနေ ၂၀၁၁-၂၀၂၀

မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်စေရန် အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ၂၀၁၁ ခုနှစ်တွင် ရေးဆွဲခဲ့သည်။ ပြုပြင်ပြောင်းလဲရေးအစီအစဉ်သစ်ကို ပထမကာလတို (၅) နှစ်စီမံကိန်းအဖြစ် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်အထိ ရေးဆွဲဆောင်ရွက်ခဲ့သည်။ ပထမ ၅ နှစ်စီမံကိန်းအတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက် ရေးအတွက် နိုင်ငံတော်တွင် စိုက်ပျိုးရေးကဏ္ဍကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေး၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များ အချိုးကျမျှတစွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင် ရွက်ခဲ့သည်။ ပြည်သူလူထုအခြေပြုတိုးတက်ရေးအတွက် ပြည်တွင်းပြည်ပစီးပွားရေးကျွမ်းကျင်သူပညာရှင်များနှင့် ပူးပေါင်း၍ လူမှုစီးပွားပြုပြင်ပြောင်းမှုမူဘောင် (၂၀၁၂-၂၀၁၅) ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ သည်။ မိုက်ခရိုစီးပွားရေးပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်ရာတွင် စီမံအုပ်ချုပ်မှုနှင့်လုပ်ထုံးလုပ်နည်းများအား ပွင့်လင်းမြင်သာမှုရှိစေရေးကို ဆောင်ရွက်ခဲ့သည်။ နိုင်ငံသားနှင့်နိုင်ငံခြားသားစီးပွားရေးလုပ်ငန်းရှင်များအတွက် ရင်းနှီးမြှုပ်နှံလိုမှုကို ပိုမိုဆွဲဆောင်နိုင်ရန် နိုင်ငံခြားရင်းနှီးမြှုပ်နှံရေးဥပဒေတစ်ခုတည်း ဖြစ်ပေါ်စေရေးကိုလည်း ဆောင်ရွက်ခဲ့သည်။ ပြည်သူကိုတိုက်ရိုက်အကျိုးဖြစ်ထွန်းစေမည့် ဦးစားပေးလုပ်ငန်း (၇) ရပ်ဖြစ်သော လျှပ်စစ်မီးနှင့် သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေး၊ အလုပ်အကိုင်ရရှိရေး၊ ခရီးသွားလုပ်ငန်း၊ ငွေကြေးလုပ်ငန်း၊ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတိုးတက်ရေးတို့ကို ဦးစားပေးဆောင်ရွက်ခဲ့သည်။ လူမှုဖူလုံရေးဥပဒေ ချမှတ်ဆောင်ရွက်ကာ ပင်စင်စားများ၊ ဝန်ထမ်းများ၏လုပ်ခလစာတိုးမြှင့်ပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

နိုင်ငံ၏ဂျီဒီပီတိုးတက်မှုသည် လုပ်သားများ၏ထုတ်လုပ်နိုင်စွမ်းအပေါ် များစွာတည်မှီနေခြင်းကြောင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏အခန်းကဏ္ဍကလည်း အလွန်အရေးပါသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက ၂၀၁၃ ခုနှစ် မေလ မှစတင်၍ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်မှုပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်ခဲ့သည့်အပြင် လူမှုရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အခွန်အပြည့်အဝထမ်းဆောင်သည့် စီးပွားရေးလုပ်ငန်းရှင်များအား နိုင်ငံ့စွမ်းဆောင်ရည်ဆုများ ချီးမြှင့်ခဲ့သည်။

ပထမကာလတို (၅) နှစ်စီမံကိန်းအတွင်း နိုင်ငံ၏ပျမ်းမျှဂျီဒီပီတိုးတက်မှုနှုန်းကို ၈ရာခိုင်နှုန်းထိ ရည်မှန်းခဲ့သော်လည်း ၂၀၁၅ ခုနှစ် ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုပမာဏများပြားခဲ့သဖြင့် ၇.၅ ရာခိုင်နှုန်းသာ တိုးတက်ခဲ့သည်။

“ပြည်သူ့ဗဟိုပြုဖွံ့ဖြိုးမှု”မူဝါဒကိုဒုတိယ(၅)နှစ်စီမံကိန်းကာအတွင်းဆက်လက်အကောင်ထည်ဖော်ဆောင်ရွက်ခဲ့သည်။ ၂၀၁၆ ခုနှစ် ဇူလိုင်လ ၂၉ ရက်တွင် စီးပွားရေးမူဝါဒ ၁၂ ချက်ကို ချမှတ်ခဲ့ပြီး လမ်းတံတားများ တည်ဆောက်ခြင်း၊ အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှု မြင့်မားရေး၊ ကုန်သွယ် ရေးကဏ္ဍနှင့်သယ်ယူပို့ဆောင် ရေးကဏ္ဍများတိုးတက်ရေးတို့ ပါဝင်ခဲ့သည်။ ပြည်သူ့အစိုးရလက်ထက်တွင် စက်မှုဇုန်စီမံကိန်းများ၊ ဈေးဝယ် စင်တာတည်ဆောက်ရေးစီမံကိန်းများနှင့် ဆိုလာပါဝါ စီမံကိန်းများကိုလည်း စတင်အကောင်အထည်ဖော်ဆောင် ရွက်ခဲ့သည်။ ထို့ပြင် ပြည်ထောင်စုအစိုးရက ကျပ် ၈၅၀ ဘီလီယံနှင့် တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရများက ကျပ် ၃၃၀ ဘီလီယံခန့်ဖြင့် စုစုပေါင်း ကျပ် ၁၁၀၀ ဘီလီယံကျော် အသုံးပြု၍ အရည်အသွေးပြည့်မီသော တံတားအစင်း ပေါင်း ၅၂၀ ကျော် ဆောက်လုပ်ခဲ့သည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနှင့် ပြည်ပနိုင်ငံများ သို့ စီးပွားရေးသံမှူးများစေလွှတ်ပြီး တဖက်နိုင်ငံ၏ ဈေးကွက်နှင့်ဝယ်လိုအားအခြေအနေများကို စုံစမ်းကာ ပြည်တွင်းရှိ ကုန်သည်၊ လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးမှုပြုလုပ်ခဲ့သည်။ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပို့ကုန်သုံးဆတိုးမြှင့်ရေးဆောင်ရွက်ချက်ကြောင့် အစိုးရသစ်၏ ပထမနှစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၃၃ ဘီလီယံကျော် ကုန်သွယ်မှုပြုလုပ်နိုင်ခဲ့ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၃၄ ဒသမ ၃၅၃ ဘီလီယံ ကုန်သွယ်မှုပြုနိုင်ခဲ့သည်။

၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရက ဘတ်စ်ကားဝန်ဆောင်မှုသစ် (YBS) ကို ရန်ကုန်မြို့တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ သက်ကြီးရွယ်အိုများ၏ ကျန်းမာရေးနှင့် အာဟာရ ဖွံ့ဖြိုးစေရန်နှင့် ဝင်ငွေလုံခြုံမှုတိုးမြှင့်တင်ရန် ရည်ရွယ်၍ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများအား လူမှုရေးပင်စင်ထောက်ပံ့ခြင်းအစီအစဉ်ကို ဆောင်ရွက်ခဲ့သည်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အဆင့်မြှင့်တင်ရေး အတွက် စီမံကိန်းချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်ပြင် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုများကို စနစ်တကျစီမံဆောင်ရွက်ခဲ့သည်။ ၂၀၂၀ ခုနှစ် မတ်လ ၂ ရက်နေ့တွင် မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော COVID-19 လူနာကို တွေ့ရှိကြောင်းအတည်ပြုခဲ့သည်။ အစိုးရအနေနှင့် ကိုဗစ်ကပ်ရောဂါကြောင့် နိုင်ငံ့စီးပွားရေးထက် ပြည်သူ့ကျန်းမာရေးကို ဦးစားပေးဆောင်ရွက်ခဲ့ရသည်။ သို့သော် ပြည်တွင်း အသေးစား၊ အလတ်စားစီးပွားရေး လုပ်ငန်းများ (SME) မပြိုကျစေရေးအတွက် ဝန်ထမ်းအနည်းအများအပေါ် မူတည်ကာ ချေးငွေများထုတ်ပေးခြင်း၊ နိုင်ငံ့ဝန်ထမ်းများကိုကြိုတင်လစာများထုတ်ချေးခြင်း၊ ပုံမှန်ဝင်ငွေမရှိသောပြည်သူများကို အခြေခံစားသောက်ကုန် နှင့် ငွေကြေးထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

## ၁.၅ လူမှုရေးအခြေအနေ

### ၁.၅.၁ လူမှုရေးအခြေအနေ ၂၀၁၁-၂၀၁၀

#### ပညာရေး

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့(နဝတ)ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောမောင်၏ အသံလွှင့်မိန့်ခွန်းတွင် ပညာရေးကိစ္စသည် နဝတ တာဝန်မဟုတ်ကြောင်း၊ နောင်ရွေးကောက်ပွဲဖြင့်တက်လာမည့်အစိုးရ

တာဝန်သာဖြစ်ကြောင်း ပြောကြားခဲ့ပြီး လျစ်လျူရှုခဲ့သည်။ ကမ္ဘာ့ကုလသမဂ္ဂကလေးများရံပုံငွေအဖွဲ့၏ အစီရင်ခံစာတွင် မြန်မာနိုင်ငံကလေးများ၏ ၄၀ ရာခိုင်နှုန်းသည် တစ်ကြိမ်မျှကျောင်းမနေဖူးကြောင်းနှင့် ကျောင်းဝင်စာရင်းတင်သွင်းသော ကလေးများ၏ လေးပုံသုံးပုံသည် မူလတန်းမပြီးဆုံးမီ ကျောင်းမှထွက်သွားကြကြောင်း ဖော်ပြထားသည်။ မူလတန်းအောင်ပြီးနောက် အလယ်တန်းသို့တက်ရောက်သောနှုန်းမှာလည်း အလွန် နည်းသည်။ ၁၉၉၂ ခုနှစ် မြန်မာနိုင်ငံပညာရေးသုတေသနအစီရင်ခံစာအရ ကျောင်းထွက်ရသည့် အကြောင်းရင်းများမှာ ကျောင်းသား၏ ကျန်းမာရေးချို့တဲ့ခြင်း၊ ကျောင်းစာတွင်စိတ်ဝင်စားမှုနည်းပါးခြင်းနှင့် စာမလိုက်နိုင်ခြင်းတို့ ပါဝင်ပြီး မိဘများက ပညာရေးအပေါ်ယုံကြည်အားကိုးမှုနည်းပါးခြင်း၊ ကျောင်းစရိတ်မတတ်နိုင်ခြင်းနှင့် မိသားစု စားဝတ်နေရေးအတွက် ကလေးများအလုပ်လုပ်ရန်လိုအပ်ခြင်းတို့ဖြစ်သည်။ ပညာရေးကဏ္ဍကို နှစ်ပေါင်းများစွာ လျစ်လျူရှုထားခဲ့မှုကြောင့် ကလေးအလုပ်သမားများ၊ ကလေးစစ်သားများ၊ လေလွင့်ကလေးများ အလွန်များပြား လာခဲ့သည်။ စာသင်ကျောင်းများလုံလောက်မှုမရှိသဖြင့် ကျောင်းနေအရွယ်ကလေးတချို့သည် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများတွင် စာရေးစာဖတ်သင်ယူကြရခြင်းမှာ အစိုးရ၏ ပညာရေးအသုံးစရိတ် အလွန်နည်းပါး သောကြောင့်ဖြစ်သည်။ ၁၉၉၉ ခုနှစ် အစိုးရထုတ်စာရင်းဇယားများအရ ပညာရေးဝန်ကြီးဌာနသည် ဝန်ကြီးဌာန အားလုံးအသုံးစရိတ်၏ ၇.၅ ရာခိုင်နှုန်းသာ သုံးစွဲခွင့်ရသည်။ ၂၀၀၀ –၂၀၀၁ စာသင်နှစ်မှစ၍ အထက်တန်းသင်ရိုး ညွှန်းတမ်း ပြောင်းလဲခဲ့သည်။ မြို့ပြနှင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲသောဒေသများအကြား ပညာရေးကွာဟမှုမှာ အဆမတန်ကြီးမားခဲ့သည်။ ပညာရေးအသုံးစရိတ် အလွန်နည်းပါးခြင်း၊ ဆရာနှင့်ကျောင်းသား အချိုးမညီမျှခြင်း၊ စာသင်ကျောင်းနှင့်စာသင်ခန်းများ မလုံလောက်ခြင်း၊ ပညာရေးတွင် ပါဝင်အကောင်အထည်ဖော်သူများကိုယ်တိုင် လွတ်လပ်စွာဆုံးဖြတ်လုပ်ကိုင်စွန့်စားလိုမှုမရှိခြင်းတို့ကြောင့် ပညာရေးအစီအစဉ်နှင့်စီမံကိန်းများကို မည်သို့ပင် ပြောင်းလဲစေကာမူ မြန်မာ့ပညာရေးအဆင့်အတန်းသည် နိမ့်ကျမြဲနိမ့်ကျလျက်ရှိခဲ့သည်။

မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာကိုးကွယ်မှုအများဆုံးဖြစ်ပြီး ခရစ်ယာန်၊ ဟိန္ဒူ၊ အစ္စလာမ်နှင့် အခြားကိုးကွယ် မှုများရှိသည့်နိုင်ငံဖြစ်သည်။ အစိုးရတစ်ရပ်အနေနှင့် တာဝန်ယူရာတွင် နိုင်ငံ၏အုပ်ချုပ်ရေးတည်ငြိမ်ရန်၊ စီးပွားရေး တိုးတက်ရန်၊ လူနေမှုအဆင့်အတန်းမြင့်မားရန်တို့အပြင် နိုင်ငံတွင်းရှိ ကိုးကွယ်ယုံကြည်ရာဘာသာအစုအဖွဲ့များကို ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ခွင့်ရရန် ဆောင်ရွက်ရမြဲဖြစ်သည်။ ၁၉၈၀ ခုနှစ်တွင် နိုင်ငံတော်ဗဟိုသံဃာ့ မဟာနာယကအဖွဲ့ကို သံဃာအုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့်တရားစီရင်ရေးတို့ဆောင်ရွက်ရန် ဖွဲ့စည်းခဲ့သည်။ သံဃာ့မဟာနာယကအဖွဲ့က ထေရဝါဒလမ်းစဉ်မှ သွေဖည်သည်ဟုယူဆသည့် တရားများ၊ ကျင့်သုံးမှုများနှင့် အုပ်စုများကိုတရားဝင်ခြင်းမရှိဟုသတ်မှတ်ကာ သာသနာသန့်ရှင်းရေးကို ဆောင်ရွက်ခဲ့သည့်အပြင် နှစ်စဉ် အစည်းအဝေးကျင်းပခြင်းနှင့် ဆွေးနွေးဆုံးဖြတ်ခြင်းများ ကို ၂၀၀၁ မှ ၂၀၁၀ ထိ ဆောင်ရွက်ခဲ့သည်။ ၁၉၈၈ ခုနှစ် မှစ၍ ဒီမိုကရေစီလှုပ်ရှားမှုများနှင့် အာဏာရှင်အုပ်ချုပ်မှုကိုဆန့်ကျင်သော ဆန္ဒပြပွဲများတွင်ပါဝင်သော ဗုဒ္ဓဘာသာ ရဟန်းတော်များကို ဖိနှိပ်အရေးယူခဲ့သည်။ ရဟန်းတော်အများအပြားကို သာသနာရေးနယ်ပယ်သို့ ပြန်လည်မပါဝင်နိုင်အောင်လည်း ပိတ်ပင်ခဲ့သည်။

၁၉၉၀–၂၀၀၀ ခုနှစ်များတွင် တပ်မတော်အစိုးရသည် တိပိဋကဘွဲ့အောင် ရဟန်းသံဃာများနှင့် ဝါစဉ်ကြီးသော ရဟန်းတော်များကို လှူဒါန်းရာ၌ ဦးဆောင်ခဲ့ပြီး လူထုကိုလည်း ပါဝင်လာ အောင် စီစဉ်ဆောင်ရွက်ခဲ့သည်။ ၁၉၉၅ ခုနှစ် ဖွန်လ တွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနကို တည်ထောင်လိုက်ပြီး "မြေမျိုး၍လူမျိုးမပြုတ် လူမျိုးမှလူမျိုးပြုတ်မည်" ဆိုသည့်ဆောင်ပုဒ်ကို အသုံးပြုခြင်းကြောင့် လူမျိုးခြားနှင့် ဘာသာခြား မုန်းတီးမှုကိုပိုမိုဖြစ်စေခဲ့သည်။ ၁၉၈၀–၂၀၀၀ခုနှစ်များအတွင်း မွတ်စလင်ဘာသာဝင်များကို ဦးတည်သော အကြမ်းဖက်မှုများဖြစ်ပွားခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် တောင်ကြီးနှင့်ပြည်၊ ၁၉၉၇ ခုနှစ်၌ မန္တလေး၊ ရန်ကုန်၊ စစ်ကိုင်းနှင့်ကရင်ပြည်နယ်၊ ၂၀၀၁ ခုနှစ်တွင် စစ်တွေ၊ တောင်ငူ၊ ပြည်နှင့် ပဲခူးတို့တွင် အဓိကရုဏ်း များ ဖြစ်ပွားခဲ့သည်။ ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်သည့် မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ်မှ စတင်ကာ လူမျိုးရေး နှင့်ဘာသာရေး ပဋိပက္ခများ ကြုံတွေ့ခဲ့ရခြင်းမှာ ဘာသာရေးအစွန်းရောက်မှုအပြင် စည်းရုံးမှုများကို ယုံကြည် လွယ်မှုများကြောင့် ဖြစ်သည်။

ကျန်းမာရေး

မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍသည် နေရာဒေသပေါ်မူတည်ပြီး ကျန်းမာရေးနှင့်အာဟာရ ဆိုင်ရာ ကွဲပြား ခြားနားမှုများရှိနေဆဲဖြစ်သည်။ ပျမ်းမျှလူ့သက်တမ်းမှာ ၆၀–၆၆ နှစ်ဖြစ်၍ ကမ္ဘာ့လူ့သက်တမ်း စံနှုန်း နည်းပါးသောနိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံအစိုးရခေတ်အဆက်ဆက် ပြည်သူ့ကျန်းမာရေးစောင့်ရှောက် မှုမှာ မလုံလောက်ခဲ့သည့်အတွက် ပြည်သူလူထု၏ကျန်းမာရေးအခြေအနေမှာ နိမ့်ကျလျက်ရှိသည့်အပြင် မွေးကင်းစ ကလေးသေဆုံးမှုနှုန်းမှာလည်း မြင့်မားနေခဲ့သည်။ ဝမ်းပျက်ဝမ်းလျှောခြင်း၊ အာဟာရချို့တဲ့ခြင်း၊ ငှက်ဖျားနှင့် များဖြစ်သည်။ ရန်ကုန်၊ မန္တလေးစသောမြို့ကြီးများ၏ အထွေထွေရောဂါကုဆေးရုံကြီးများတွင်ပင် ဆေးကုသဆောင်များလုံလောက်မှုမရှိခြင်းနှင့် ကြံ့ခိုင်မှုမရှိခြင်း၊ ဆရာဝန်နှင့်လူနာ အချိုးမညီမျှခြင်း၊ ဆေးဝါးမလုံလောက်ခြင်း၊ ထိရောက်သောကုသမှုမပေးနိုင်ခြင်းနှင့် ကျန်းမာရေးအသုံးစရိတ်ကို အလွန်နည်းပါး စွာသုံးစွဲခဲ့ခြင်းတို့သည် အစိုးရ၏ စီမံခန့်ခွဲရေးညံ့ဖျင်းမှုများကြောင့်ဖြစ်သည်။ ငှက်ဖျား၊ တီဘီနှင့် အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်အပါအဝင် ကူးစက်တတ်သောရောဂါများသည် နိုင်ငံတစ်ဝှမ်းအဓိကရင်ဆိုင်နေရ သောကျန်းမာရေးပြဿနာများဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့စစ်တမ်းအရ တီဘီရောဂါကြောင့် ဝန်ထုပ် ဝန်ပိုး အဖြစ်ဆုံး ကမ္ဘာ့နိုင်ငံပေါင်း၂၂ နိုင်ငံတွင် မြန်မာနိုင်ငံသည် တစ်ခုအပါအဝင်ဖြစ်သည်။ လူဦးရေ၏ ၁.၅%သည် နှစ်စဉ် တီဘီကူးစက်ခံနေရပြီး လူပေါင်း တစ်သိန်းသုံးသောင်းခန့် ကူးစက်ခံရနိုင်ခြေ မြင့်မား လျက်ရှိသည်။

နိုင်ငံလူဦးရေ၏ ၇၆%သည် ငှက်ဖျားရောဂါဖြစ်ပွားနိုင်ခြေအများဆုံးနေရာဒေသများတွင် နေထိုင် လျက် ရှိသည်။ နိုင်ငံတော်ကထုတ်ပြန်သည့်ကိန်းဂဏန်းများအရ နှစ်စဉ် ငှက်ဖျားရောဂါဖြစ်ပွားသူ နှစ် သိန်းကျော်ရှိသည်။ ကျန်းမာရေးအစီရင်ခံစာများအရ အသက် ၁၅ နှစ်မှ ၄၉ နှစ်ကြား လူဦးရေ၏ ၀.၆၁%သည် အိပ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ် ကူးစက်ခံနေရသည်။ ကျန်းမာရေးဝန်ဆောင်မှုများကို နိုင်ငံတော်နှင့် ပုဂ္ဂလိက

အခန်းကဏ္ဍတို့က ထောက်ပံ့ပေးလျက်ရှိပြီး အချို့ဒေသများတွင် ဝန်ဆောင်မှုများကို မြို့နယ်အဆင့်တွင် အဓိကဆောင်ရွက်ပေးလျက်ရှိပြီး ကုတင် ၁၆ မှ ကုတင် ၅၀ ဆန့် ဆေးရုံများကို ဖွင့်လှစ်ထားသည်။ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဆေးပေးခန်းများကို တစ်မြို့နယ်လျှင် လေးခုနှင့်အထက်ဖွင့်လှစ်ထားသည်။ကျေးလက်ကျန်းမာရေးဆေးခန်းများတွင် သားဖွားဆရာမများနှင့် လူထုကျန်းမာရေးလုပ်သားများသည် အဓိကအရင်းအမြစ်များဖြစ်ကြသည်။ ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန၏ အစီရင်ခံစာများအရ ဆေးရုံပေါင်း ၁၁၂၃ ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၁၇၇၈ ဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၉၀၈၁ ဌာနဖြင့် ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိသည်။

သဘာဝဘေးအန္တရာယ်ဖြစ်ပွားနိုင်ခြေအမြင့်ဆုံးနိုင်ငံများတွင် မြန်မာနိုင်ငံသည် တစ်ခုအပါအဝင် ဖြစ်သည်။ နိုင်ငံ၏ကမ်းရိုးတန်းဒေသများတွင် ဆိုင်ကလုန်း၊ အပူပိုင်းမုန်တိုင်းနှင့် ဆူနာမီဘေးဒဏ်ခံရလေ့ရှိပြီး မိုးများသောကြောင့် ရေကြီးခြင်းသည်လည်း နိုင်ငံတစ်ဝန်းကြုံတွေ့ရလေ့ရှိသော သဘာဝဖြစ်စဉ်တစ်ခုဖြစ်သည်။ ထို့ပြင် ငလျင်လှုပ်ခြင်း၊ မိုးခေါင်ရေရှားခြင်းနှင့် မီးဘေးတို့သည်လည်း နိုင်ငံတွင်းဖြစ်ပွားလေ့ရှိပြီး တောင်တန်း ဒေသများတွင် မြေပြိုခြင်း၊ တောင်ပြိုခြင်း ဘေးအန္တရာယ်များကို ရင်ဆိုင်ရလေ့ရှိသည်။ ၂၀၀၈ ခုနှစ် မေလ တွင် တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းသည် မြန်မာနိုင်ငံ၏သဘာဝဘေးအန္တရာယ်သမိုင်းတွင် ဆုံးရှုံးမှုအကြီးမားဆုံး ဖြစ်ရပ် တစ်ခုဖြစ်ခဲ့သည်။ အစိုးရသည်နာဂစ်မုန်တိုင်းတွင် ကြိုတင်သတိပေးခြင်း၊ ပြင်ဆင်ခြင်းနှင့် ကယ်ဆယ် ကူညီရေးလုပ်ငန်းများကို ထိရောက်စွာမဆောင်ရွက်ခဲ့သဖြင့် လူပေါင်း ၁၄၀,၀၀၀ ကျော်သေဆုံးခဲ့သည်။

၁.၅.၂ လူမှုရေးအခြေအနေ ၂၀၁၁–၂၀၂၀

ပညာရေး (၂၀၁၁–၂၀၂၀)


ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲမှုဆောင်ရွက်ရာတွင် အမျိုးသားပညာရည်မြင့်မားရေးအတွက် နှစ်တို (၅) နှစ်စီမံကိန်းကာလ(၆)ခုပိုင်းခြား၍ နှစ်(၃၀)စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂၈ရက်နေ့တွင် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ရေးဥပဒေကိုပြဋ္ဌာန်းပြီး ဆောင်ရွက်ခွင့်ပြုခဲ့သောကြောင့် ၂၀၁၄ ခုနှစ်တွင် နိုင်ငံတစ်ဝှမ်း၌ ကိုယ်ပိုင်ကျောင်းပေါင်း ၂၈၀ ကျောင်း အထိရှိခဲ့သည်။ နိုင်ငံတကာပညာရေးစံနှုန်းများ ပြည့်မီစေရန်နှင့် သင်ရိုးသစ်များပေါ်ထွက်လာရေးအတွက် ပညာရေးဝန်ကြီးဌာနသည် UNICEF၊ JICA နှင့် ADB တို့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည်။ မသင်မနေရအခမဲ့ပညာရေး စနစ်ကို ၂၀၁၁ ခုနှစ်တွင် မူလတန်းအဆင့်၊ ၂၀၁၄ ခုနှစ်တွင် အလယ်တန်းအဆင့် နှင့် ၂၀၁၅ ခုနှစ်တွင် အထက်တန်းအဆင့်အထိ တိုးမြှင့်၍ ပညာရေးကဏ္ဍ တိုးတက်စေရန်ဆောင်ရွက်ခဲ့သည်။ ၂၀၁၃ မှ ၂၀၁၅ ခုနှစ်အတွင်း မြို့နယ်ပေါင်း ၆၈ မြို့နယ်တွင် အခြေခံ စာတတ်မြောက်ရေးလုပ်ငန်းစဉ်ကို ဒေသခံလုပ်အားပေး ဆရာများနှင့် တက္ကသိုလ်များမှ လုပ်အားပေး ကျောင်းသားများပူးပေါင်း၍ ဆောင်ရွက်ခဲ့သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဝေးလံခက်ခဲသောဒေသများ၌ ဆရာအင်အားလုံလောက်ရေးအတွက် ဒေသခံဘွဲ့ရသူများကို ဦးစားပေး၍ နေ့စားလပေး မူလတန်းပြဆရာအဖြစ် ခန့်အပ်ခဲ့သည်။ လူ့အခွင့်ရေးစောင့်ကြည့်ရေးအဖွဲ့နှင့် နိုင်ငံတကာ၏ဖိအားများကြောင့် ၂၀၁၄ ခုနှစ်တွင် အင်းစိန် ဗဟိုအကျဉ်းထောင်မှ အကျဉ်းသားကျောင်းသားများအား တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်ကို စတင်ခွင့်ပြုပေးခဲ့သည်။







ပုံ (၁၃) ပညာရေးမြှင့်တင်ရေးဆောင်ရွက်မှုများ




ပုံ(၁၄)ပညာရေးအသုံးစရိတ်တိုးမြှင့်သုံးစွဲခြင်းနှင့်လိုအပ်ချက်ဖြည့်ဆည်းမှု

နိုင်ငံတကာ၏ကျောင်းနေနှစ်စံနှုန်းကို ပြည့်မီရန်ရည်ရွယ်ချက်ဖြင့် ၂၀၁၆ ခုနှစ်မှစတင်၍ KG+12 သင်ရိုး ညွှန်းတမ်းသစ်ကိုရေးဆွဲခဲ့သည်။ ၂၀၁၆ ခုနှစ်တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရများ၏ ကြီးကြပ်မှုများဖြင့် တိုင်းရင်းသားဘာသာစကားသင်ရိုးညွှန်းတမ်းများပြုစုပြီး အခြေခံပညာကျောင်းများတွင် မူလတန်းအဆင့် တိုင်းရင်းသားကလေးငယ်များကို သင်ကြားပေးခဲ့သည်။ တိုင်းရင်းသားစာပေသင်ကြားရာ၌ ၂၀၁၅ ခုနှစ်တွင် ၄၃ မျိုး၊ ၂၀၁၉ ခုနှစ်တွင် ၆၇ မျိုးဖြင့် ဘာသာစကားပေါင်း ၁၁၀ကို သင်ကြားခွင့်ရရှိစေခဲ့သည်။ ထို့ပြင် တိုင်းရင်းသားစာပေ၊ယဉ်ကျေးမှုကော်မတီများနှင့် ပူးပေါင်း၍ တိုင်းရင်းသား-မြန်မာအဘိဓာန်၊ မြန်မာ- တိုင်းရင်းသား - အင်္ဂလိပ် သုံးဘာသာပုံပြအဘိဓာန်နှင့် ဝေါဟာရကားချပ်များကိုလည်း ထုတ်ဝေခဲ့သည်။ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့်ကျောင်းသားများအတွက် နှလုံးသားအာဟာရစာအုပ်များပြုစု၍ အခြေခံပညာကျောင်းများသို့ အခမဲ့ဖြန့်ဝေခဲ့သည်။ ပညာရေးဝန်ထမ်းများ နေထိုင်ရေးအဆင်ပြေစေရန် အိမ်ရာများ ဆောက်လုပ်ပေးခြင်းနှင့် အခြေခံကျောင်းများနှင့် တက္ကသိုလ်များအတွက် သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်း ပေးခဲ့သည်။ ၂၀၂၀ ခုနှစ်မှစတင်၍ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်စာရင်းကို အင်တာနက်မှ ထုတ်ပြန်ခဲ့သည်။

၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်တွင်ဒေါ်အောင်ဆန်းစုကြည် ဥက္ကဋ္ဌအဖြစ်ပါဝင်သည့် ရန်ကုန်တက္ကသိုလ်အဆင့်မြှင့်တင်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး တက္ကသိုလ်အဆင့်မြှင့်တင်ရေး၊ နိုင်ငံတကာစံနှုန်းမီရေးတို့အတွက် လိုအပ်ချက်များကို စတင်ဆောင်ရွက်ခဲ့သည်။ ထို့ကြောင့် ၂၀၁၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ ထူးချွန်ကျောင်းသားများအတွက် ဘွဲ့ကြိုသင်တန်းများ ဖွင့်လှစ်ခဲ့သည်။ ၂၀၁၆-၂၀၂၀ နှစ်များအတွင်း တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ၁၃၃ ကျောင်းတွင် Website များ တည်ဆောက်ပေးပြီး ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများ၏ သင်ကြားသင်ယူမှုများ ပိုမိုတိုးတက်စေရန် ဆောင်ရွက်ခဲ့သည်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့မှ ၁၉ ရက်နေ့အထိ ၁၉ ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များအားကစားပြိုင်ပွဲ ကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့သည်။ ခေတ်အဆက်ဆက်အစိုးရများသည် ပညာရေးအသုံးစရိတ်ကို အလွန် နည်းပါးစွာသုံးစွဲခြင်းဖြင့် ပညာရေးကဏ္ဍကိုလျစ်လျူရှုခဲ့သောကြောင့် ပညာရေးအဆင့်နိမ့်ကျခဲ့သည်။ နိုင်ငံတစ်ခု၏ တိုးတက်ဖွံ့ဖြိုးမှုသည် ထိုနိုင်ငံ၏ ကြံ့ခိုင်သောပညာရေးပေါ်တွင်မူတည်ကြောင်း

NUG MOE

သိရှိသော ပြည်သူ့အစိုးရသည် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှစတင်၍ ပညာရေးအသုံးစရိတ်ကို ကျပ်ငွေ ၁၂,၂၉၉.၀၁ ဘီလီယံအထိ တိုးမြှင့် သုံးစွဲခြင်းဖြင့် ပညာရေးကဏ္ဍမြင့်မားရေးအတွက် ဆောင်ရွက်ခဲ့သည်။



Source : Webometric : Ranking Web of Universities : July 2020 Edition.

ပုံ (၁၅) တက္ကသိုလ်အဆင့်တိုးတက်လာမှု

| စဉ် | အမျိုးအစား | ၂၀၁၅-၁၆ | ၂၀၁၆-၁၇ | ၂၀၁၇-၁၈ | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ |
|---|---|---|---|---|---|---|
| ၁ | ဝိဇ္ဇာ/သိပ္ပံ | ၅၇ | ၅၈ | ၅၉ | ၅၉ | ၅၉ |
| ၂ | နည်းပညာ/ကွန်ပျူတာ | ၆၀ | ၆၀ | ၆၀ | ၆၀ | ၆၀ |
| ၃ | ပညာရေးဒီဂရီကောလိပ် | ၂၃ | ၂၅ | ၂၅ | ၂၅ | ၂၅ |
| | စုစုပေါင်း | ၁၄၀ | ၁၄၃ | ၁၄၄ | ၁၄၄ | ၁၄၄ |



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် MICC-2 ၊ နေပြည်တော်တွင် ကျင်းပပြုလုပ်သော ၂၀၁၈ ခုနှစ် ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်(၂၄-၈-၂၀၁၈)

ပုံ (၁၆) ပညာရေးဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးနှီးနှောပွဲ




ပြည်ထောင်စု ဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး ၁၉ ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်စဉ်။

ပုံ(၁၇)အိမ်ရှင်နိုင်ငံအဖြစ်ကျင်းပသော၁၉ကြိမ်မြောက်အရှေ့တောင်အာရှတက္ကသိုလ်များအားကစား ပြိုင်ပွဲ

**ကျန်းမာရေး**

ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့ပြ၊ ကျေးလက်ဒေသနှင့် ဝေးလံသောနယ်စွန်နယ်ဖျား ဒေသများထိ ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ဆောင်ရွက်ခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် ကျန်းမာရေးဝန်ကြီးဌာနက ဆေးပညာမူဝါဒနှင့်လုပ်ငန်းစဉ်များကို ရေးဆွဲခဲ့သည်။ ၂၀၁၁–၂၀၁၆ ခုနှစ်ထိ ဆေးရုံပေါင်း ၁၀၈၅ ရုံကို တိုးချဲ့ ဖွင့်လှစ်ခဲ့သည်။ ပြည်သူတို့၏ ကုန်ကျစရိတ်များသက်သာစေရန် ဆေးရုံကြီး ၄ယ်၊ တိုက်နယ်ဆေးရုံ၊ ကျေးလက် ဆေးပေးခန်းတို့တွင် စရိတ်မျှပေးဝန်ဆောင်မှုကို ဆောင်ရွက်ခဲ့သည်။ ၂၀၁၁–၂၀၁၂ ဘဏ္ဍာနှစ်တွင် စုစုပေါင်း အသုံးစရိတ်၏ ၁.၀၃ ရာခိုင်နှုန်းသာသုံးစွဲရာမှ ၂၀၁၅–၂၀၁၆ဘဏ္ဍာနှစ်တွင် စုစုပေါင်းအသုံးစရိတ်၏ ၃.၂၇ ရာခိုင်နှုန်းထိ တိုးချဲ့အသုံးပြုခဲ့သည်။ အသုံးစရိတ်များဆက်လက်တိုးလာသည်နှင့်အမျှ ကျန်းမာရေးဆိုင်ရာ အညွှန်းကိန်းများသည် ပိုမိုကောင်းမွန်လာခဲ့သည်။ ၂၀၁၆ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် အစိုးရသစ်တာဝန်ယူချိန် မှစ၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေထိုင်ရေး၊ ရောဂါဘယ ကင်းရှင်းရေး၊ ပြည်သူအားလုံးလိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုကို အရည်အသွေးပြည့်ဝစွာရရှိနိုင်ရေးနှင့် ကျန်းမာရေးဆိုင်ရာဖွံ့ဖြိုးမှုရည်မှန်းချက်ပန်းတိုင်များ ပြည့်မီစေရေးတို့ကို ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးအသိပညာမြှင့်တင်ခြင်း၊ ရောဂါကာကွယ်ခြင်း၊ ရောဂါဖြစ်ပွားပါက ထိရောက်သောကုသမှုပေး ခြင်း၊ ပြည်သူများဆေးကုသစရိတ်လျှော့ချရေးအတွက် ဆေးနှင့်ဆေးပစ္စည်းများကို ဖြည့်ဆည်းပေးခြင်းများ ဆောင်ရွက်ခဲ့သည်။ ၂၀၁၆ မှ ၂၀၂၀ ခုနှစ်အတွင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ဆရာဝန်သစ်များ ခန့်အပ်ပေးနိုင်ခြင်း၊ လက်ထောက်ကျန်းမာရေးမှူးများ၊ သားဖွားဆရာမများ တိုးမြှင့်ခန့်ထားနိုင်ခြင်း၊ ဆေးဝါးပစ္စည်းများကို ယခင်ကထက်ပိုမိုဝယ်ယူဖြန့်ဖြူးနိုင်ခြင်းကြောင့် အစိုးရဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဌာနများအပေါ် ယုံကြည်မှုများရှိလာပြီး နှစ်စဉ်ကျန်းမာရေးဌာနများသို့ လူနာ(၁၃)သန်းခန့် ဆေးကုသခံယူမှုများ ရှိခဲ့သည်။






ပုံ (၁၈) ရန်ကုန်ပြည်သူ့ဆေးရုံကြီးအဆင့်မြှင့်တည်ဆောက်ခြင်း

NUG MOE

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် နိုင်ငံတကာအလှူရှင်အဖွဲ့အစည်းများ၊ ကုလသမဂ္ဂ အကူအညီ ပေးရေးအေဂျင်စီများနှင့်ပူးပေါင်း၍ ကျန်းမာရေးစီမံချက်များကို စနစ်တကျဆောင်ရွက်ခဲ့သည်။ ၂၀၂၀ ခုနှစ် မတ်လ ၂ ရက်နေ့တွင် မြန်မာနိုင်ငံ၌ COVID-19လူနာကိုအတည်ပြုပြီးနောက် နိုင်ငံတော်အစိုးရက ရောဂါထိန်းချုပ်မှုနှင့် အရေးပေါ်အခြေအနေတုံ့ပြန်မှုကော်မတီကို ဖွဲ့စည်းခဲ့သည်။ ထိုကော်မတီသည် ပိုးရှိလူနာသစ်များကို ရှာဖွေ ဖော်ထုတ်ခြင်း၊ ရောဂါပိုးမကူးစက်စေရန်သီးခြားထားရှိခြင်းနှင့် မြို့အလိုက် အပြင်မထွက်ရအမိန့်များချမှတ်ကာ အထူးဂရုပြုဆောင်ရွက်ခဲ့သည်။ COVID-19 ကပ်ရောဂါကာလအတွင်း အစိုးရ၊ လူထုအကျိုးပြုအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပြည်တွင်းပြည်ပအလှူရှင်များစုပေါင်း၍ ပြည်သူများ၏စားဝတ်နေရေးကို ထောက်ပံ့ ကူညီခဲ့ကြသည်။ ၂၀၂၀ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်တွင် နိုင်ငံတော်အစိုးရသည် India's serum institute မှ COVID-19 ကာကွယ်ဆေး သန်း(၃၀) ဝယ်ယူရန်အတွက် အိန္ဒိယအစိုးရနှင့် လက်မှတ်ရေးထိုးခဲ့သည်။

**အဓိကအချက်များ**

- ဒီမိုကရေစီဆိုသည့်စကားရပ်သည်ဂရိဘာသာစကားdemosဒီမို(ပြည်သူလူထု)နှင့်kratos(အာဏာ)မှ ဆင်းသက်လာခြင်း
- ဒီမိုကရေစီစနစ်သည်ပြည်သူအများအာဏာပိုင်စိုးသောစနစ်၊ပြည်သူအများစုပေါင်းပါဝင်အာဏာပိုင်စိုးသောစနစ်ခြင်းဖြစ်ခြင်း။
- လူ့သမိုင်းတွင်ကျင့်သုံးခဲ့သည့်ခေတ်စနစ်အသီးသီးတွင်အားသာချက်အားနည်းချက်များရှိကြမြဲဖြစ်သကဲ့သို့ ဒီမိုကရေစီစနစ်တွင်လည်း အားသာချက်များနှင့်အားနည်းချက်များရှိခြင်း
- နိုင်ငံပျက်ဆီးယိုယွင်းနောက်ကျဆင်းရဲသွားခြင်းနှင့်ပြည်သူတို့၏အထွေထွေနစ်နာဆုံးရှုံးကြပ်တည်းမှုများသည် မြန်မာ့ဒီမိုကရေစီရေး လှုပ်ရှားမှုများဖြစ်ပွားရခြင်း၏ အခြေခံအကြောင်းရင်းများဖြစ်ကြခြင်း
- ၁၉၈၈ခုနှစ်မှ၂၀၁၀ခုနှစ်အတွင်းမြန်မာနိုင်ငံ၏အုပ်ချုပ်ရေး၊စီးပွါးရေးနှင့်လူမှုရေးစသည်တို့မှာစစ်အုပ်ချုပ်ရေး၏ထိန်းချုပ်မှုအောက်တွင်သာဆက်လက်ရှိခဲ့ခြင်း
- ၂၀၁၀၂၀၂၀ခုနှစ်များသည်မြန်မာနိုင်ငံ၏အုပ်ချုပ်ရေး၊စီးပွားရေးနှင့်လူမှုရေးတို့တွင်ပြောင်းလဲတိုးတက်မှုရှိလာသော်လည်း၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေကြောင့်ကြီးမားသောအဟန့်အတားများဖြစ်နေခြင်း

**လေ့ကျင့်ရန်မေးခွန်းများ**

၁။ဒီမိုကရေစီ၏အဓိပ္ပါယ်နှင့်ဒီမိုကရေစီစနစ်မည်သို့တိုးတက်ဖွံ့ဖြိုးခဲ့သည်ကိုအကဲဖြတ်ပါ။

၂။မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားမှုဖြစ်ပေါ်ခဲ့ရသည့်အခြေခံအကြောင်းအရင်းများကိုဆွေးနွေးတင်ပြပါ။

၃။၂၀၁၆ခုနှစ်မှ၂၀၂၀ခုနှစ်များအတွင်းနိုင်ငံ၏စီးပွားရေးနှင့်လူမှုရေးပြုပြင်ပြောင်းလဲတိုးတက်မှုများကို အကဲဖြတ်ပါ။

## အခန်း (၁) ပါ ပုံများ၏ရင်းမြစ်များ

ပုံ (၁)(၂)(၃) Quora.com/sketchplannations.com/ageofrevolutions.com

ပုံ (၄)(၅)(၆)(၇)(၈)(၉)(၁၀)https://www.mlis.gov.mm/ myanmarpeacedesk.com

ပုံ (၁၁)(၁၂)(၁၃)(၁၄)(၁၅)(၁၆)(၁၇)(၁၈) mdn.gov.mm/

## ကျမ်းကိုးစာရင်း


- မြန်မာ့ရက်စဉ်သမိုင်း၊ဒုတိယတွဲ၊ရန်ကုန်၊သမိုင်းသုတေသနဦးစီးဌာန၊၂၀၀၉
- မြန်မာ့ရက်စဉ်သမိုင်း၊တတိယတွဲ၊ရန်ကုန်၊သမိုင်းသုတေသနဦးစီးဌာန၊၂၀၀၉
- မြန်မာစာရင်းအင်းစာစောင်၊ဗဟိုစာရင်းအင်းအဖွဲ့၊၂၀၁၉
- ဇန်ထာဆင်၊ဦး(သတိုးမဟာသရေစည်သူ)၊ဒီမိုကရေစီပြောင်းပြန်(ဒုတိယအကြိမ်)၊ရန်ကုန်၊အောင်ဥ_တ္တ လာပုံနှိပ်တိုက်၊၁၉၈၉
- မျိုးလှိုင်၊ဦး၊စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးပညာအဘိဓာန်၊ရန်ကုန်၊ပဥ္စင်ပုံနှိပ်တိုက်၊၂၀၁၈
- ရင်းနှီး၊စီးပွားသတင်းလွှာ၊၁/၂၀၂၁၊ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊နေပြည်တော်၊၂၀၂၁
- သက်ထွန်း၊ဦး၊မြန်မာနိုင်ငံစီးပွားရေးတိုးတက်မှုဆန်းစစ်ချက်၊၂၀၁၅
- ဒေါက်တာခင်မောင်ကြည်၊ဒေါက်တာရော်နယ်ဖဒေလေ၊ဒေါက်တာအာရ်-အမ်_ဆွန်ဒရမ်၊ဒေါက်တာမြ မောင်၊
- ဒေါက်တာမင်းမျိုးညွန့်၊ဦးဇော်ဦးနှင့်မြန်မာ့စီးပွားရေးပညာရှင်များ၊မြန်မာနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက် ရေးတွေးမြင်ချက်နှင့်မဟာဗျူဟာ၊၂၀၀၀
- Curtis, Michael (ed), The Great Political Theories, Vol I, USA, Avon Books, 1981
- Curtis, Michael (ed), The Great Political Theories, Vol II, USA, Avon Books, 1981
- C Wanlas, Lawrence, Gettel's, History of Political Thought, London, George Allen, 1961San San Win, Trade Policy Reform in Myanmar (1988–2010), University Research Journal, Vol VII, No.4, 2014
- https://my.m.wikipedia.org>wiki
- https://data.worldbank,org/indicator/FP.CPI,TOTL.ZG
- www.commerce.gov.mm

# အခန်း (၂)
# ကမ္ဘာ့စီးပွားရေး

ဤအခန်းတွင် ဒုတိယကမ္ဘာစစ်ပြီးနောက် ပေါ်ပေါက်လာသော ကမ္ဘာ့စီးပွားရေးအဖွဲ့အစည်းများ နှင့် ယင်းတို့၏ မူဝါဒများ၊ နည်းပညာကိုအခြေပြု၍ ပြောင်းလဲလာသောရင်းနှီးမြှုပ်နှံမှုပုံစံများ၊ ကုန်ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှု လုပ်ငန်းများ၊ နိုင်ငံတကာကုန်သွယ်ရေးစနစ်များအကြောင်းကို လေ့လာသင်ယူနိုင်မည် ဖြစ်သည်။

ဤအခန်းပြီးလျှင် သင်သည် အောက်ပါတို့ကို သိရှိနားလည်နိုင်မည်။

- ဒုတိယကမ္ဘာစစ်ပြီးနောက် ပေါ်ပေါက်လာသောကမ္ဘာ့စီးပွားရေးအဖွဲ့အစည်းများနှင့် ယင်းတို့၏ မူဝါဒများ ကို ဝေဖန်ဆန်းစစ်နိုင်မည်။
- နည်းပညာကိုအခြေပြု၍ပြောင်းလဲလာသော ရင်းနှီးမြှုပ်နှံမှုများနှင့် နိုင်ငံတကာကုန်သွယ်ရေး၏ အရေးပါ ပုံကိုလေ့လာနိုင်မည်။
- ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ပြောင်းလဲလာပုံတို့ကို နှိုင်းယှဉ်လေ့လာ အကဲဖြတ် နိုင်မည်။

### ၂.၁။ အဖွဲ့အစည်းများ

### ၂.၁.၁။ ကုလသမဂ္ဂကုန်သွယ်ရေးနှင့်ဖွံ့ဖြိုးမှုညီလာခံ-အန်းတက်

**(UNCTAD–United Nations Conference on Trade and Development)**

၁၉၆၄ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှု ညီလာခံ-အန်းတက်ကို စတင်ဖွဲ့စည်းခဲ့သည်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအားလုံးသည် အန်းတက်အဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြသည်။ အန်းတက်၏ ပထမအကြိမ်ညီလာခံမှစတင်၍ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ပို့ကုန်ပစ္စည်းများကို ကမ္ဘာ့ ဈေးကွက် အထူးသဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ဈေးကွက်သို့ အလွယ်တကူတင်ပို့နိုင်စေရန်နှင့် ကုန်သွယ်မှုအတွက် အကောက်ခွန်ဆိုင်ရာ အခွင့်အရေးများပေးရန် အလေးထားဆွေးနွေးခဲ့ကြသည်။ ၁၉၈၀ခုနှစ်တွင် ကျင်းပသော ဒုတိယအကြိမ် အန်းတက်ညီလာခံ၌ ကုန်သွယ်မှုအထူးအခွင့်အရေးကို ပြဋ္ဌာန်းအတည်ပြုခဲ့သည်။ ကုန်သွယ်မှု အထူးအခွင့်အရေးပေးမှုစနစ် (GSP–Generalized System of Preferenc es) ဆိုသည်မှာ အထူးအခွင့်အရေး လက်ခံရရှိသော ဖွံ့ဖြိုးဆဲနိုင်ငံများ၏ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသော ပို့ကုန်ပစ္စည်းများကို အထူးအခွင့်အရေးပေးသော ဖွံ့ဖြိုးပြီးနိုင်ငံများ၏ဈေးကွက်အတွင်းသို့ အလွယ်တကူ ဝင်ရောက်လာနိုင်စေရန် စီမံပေးသော စနစ်ဖြစ်သည်။ အန်းတက်၏ ဝန်ကြီးအဆင့်ညီလာခံကို ၄ နှစ် ၁ ကြိမ် အဖွဲ့ဝင်နိုင်ငံများ၏ မြို့တော်များတွင် ကျင်းပသည်။

NUG MOE

**၂.၁.၂။ အာရှဖွံ့ဖြိုးရေးဘဏ် (ADB–Asian Development Bank)**

၁၉၆၅ ခုနှစ် ဒီဇင်ဘာလ ၄ ရက်နေ့တွင်ကျင်းပသော အာရှနှင့် အရှေ့ဖျားဒေသဆိုင်ရာစီးပွားရေး ကော်မရှင်–အီးကဖီး (ECAFE– Economic Commission for Asia and the Far East) အစည်းအဝေး၌ အာရှဖွံ့ဖြိုးရေးဘဏ်ကို ဖွင့်လှစ်ရန် အဖွဲ့ဝင် ၂၁ နိုင်ငံပါဝင် လက်မှတ်ရေးထိုးခဲ့ပြီးနောက် ၁၉၆၆ ခုနှစ် ဩဂုတ်လ ၂၂ ရက်နေ့တွင် ဖိလစ်ပိုင် နိုင်ငံ မနီလာမြို့တွင် တည်ထောင်ခဲ့သည်။ အာရှဖွံ့ဖြိုးရေးဘဏ် တည်ထောင်ရခြင်း ရည်ရွယ်ချက်မှာ အာရှနှင့် ပစိဖိတ်ဒေသတွင်းရှိ အဖွဲ့ဝင်ဖွံ့ဖြိုးဆဲနိုင်ငံများ၏ဆင်းရဲနွမ်းပါး မှုကို လျှော့ချရန်နှင့် လူနေမှုအဆင့်အတန်းမြှင့်တင် ပေးရန်ဖြစ်သည်။ အာရှဖွံ့ဖြိုးရေးဘဏ်၏ အဓိက ဦးစားပေးလုပ်ငန်းမှာ စီးပွားတိုးတက်ဖွံ့ဖြိုးရေးအစီအစဉ်များကို အထိရောက်ဆုံး ဆောင်ရွက်ရေးဖြစ်သည်။ အာရှဖွံ့ဖြိုးရေးဘဏ်တွင် ဘဏ်လုပ်ငန်းများဆောင်ရွက်ရန် အဖွဲ့ဝင် နိုင်ငံတိုင်းမှ ကိုယ်စားလှယ် တစ်ဦးစီ ပါဝင်သော အုပ်ချုပ်ရေးဘုတ်အဖွဲ့ရှိသည်။ အုပ်ချုပ်ရေးဘုတ်အဖွဲ့က ဥက္ကဋ္ဌ တစ်ဦးနှင့် အဖွဲ့ဝင်များအဖြစ် ညွှန်ကြားရေးမှူး ဆယ်ဦးကို  အာရှနှင့် ပစိဖိတ်ဒေသအတွင်းရှိ အဖွဲ့ဝင် ၇ နိုင်ငံနှင့် ပြင်ပဒေသရှိ အဖွဲ့ဝင် ၃ နိုင်ငံတို့မှ တစ်ဦးစီရွေးချယ်သည်။  ဥက္ကဋ္ဌ၏ သက်တမ်းသည် ၅ နှစ် ဖြစ်သည်။ ၂၀၂၂ ခုနှစ်တွင် အာရှဖွံ့ဖြိုးရေး ဘဏ်တွင် အာရှနှင့် ပစိဖိတ် ဒေသ၅၅နိုင်ငံမှ ၄၉ နိုင်ငံနှင့် ပြင်ပဒေသမှ ၁၉ နိုင်ငံ စုစုပေါင်း၆၈နိုင်ငံပါဝင်သည်။ ၁၉၇၃ခုနှစ်တွင် မြန်မာနိုင်ငံသည် အာရှဖွံ့ဖြိုးရေးဘဏ်၏အဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့သည်။

Asian Development Bank

ADB

ပုံ (၁) အာရှဖွံ့ဖြိုးရေးဘဏ်




ပုံ (၂) အာရှဖွံ့ဖြိုးရေးဘဏ်အဖွဲ့ဝင်နိုင်ငံများ

**အဓိကအချက်များ**

- ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအားလုံးသည်အန်းတက်အဖွဲ့ဝင်နိုင်ငံများဖြစ်ကြခြင်း
- အန်းတက်၏ရည်ရွယ်ချက်မှာဖွံ့ဖြိုးဆဲနိုင်ငံများ၏ပို့ကုန်ပစ္စည်းများကိုကမ္ဘာ့ဈေးကွက်သို့ အလွယ်တကူတင်ပို့နိုင်စေရန်နှင့်ကုန်သွယ်မှုအတွက် အကောက်ခွန်ဆိုင်ရာအခွင့်အရေးများပေး ရန်ဖြစ်ခြင်း
- အာရှဖွံ့ဖြိုးရေးဘဏ်တည်ထောင်ရခြင်းရည်ရွယ်ချက်မှာ အာရှနှင့် ပစိဖိတ်ဒေသတွင်းရှိ အဖွဲ့ဝင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဆင်းရဲနွမ်းပါးမှုကိုလျှော့ချရန်နှင့် လူနေမှုအဆင့်အတန်းမြှင့်တင်ပေးရန် ဖြစ် ခြင်း

**လေ့ကျင့်ရန်မေးခွန်းများ**

**အောက်ပါတို့ကို မှတ်စုတိုရေးပါ။**

၁။ကုလသမဂ္ဂကုန်သွယ်ရေးနှင့်ဖွံ့ဖြိုးမှုညီလာခံ- အန်းတက်

၂။အာရှဖွံ့ဖြိုးရေးဘဏ်တည်ထောင်ရခြင်း၏ရည်ရွယ်ချက်

## အခန်း (၂) ပါ ပုံများ၏ရင်းမြစ်များ

ပုံ (၁)(၂) https//www.en.m.wikipedia.org

## ကျမ်းကိုးစာရင်း


- ခင်မောင်ညို(ဘောဂဗေဒ)၊ ကမ္ဘာ့စီးပွားရေးမိတ်ဆက်မန္တလေး၊ယနေ့မန္တလေးစာအုပ်တိုက်၊၁၉၉၉
- ထွန်းတောက်လာသောအာဆီယံ၊၂၀၁၅အလွန်အာဆီယံနှင့်အာဆီယံစီးပွားရေးအသိုက်အဝန်း၊ Economic Research Institute for ASEAN and East Asia, 2014
- Pant, Manoj, Prof and Srivastava, Deepika, FDI in India: History, Policy and the Asian Per–spective, Reserve Bank of India Occasional Papers Vol.39, No 182,2018
- https://data.worldbank,org/indicator/FP.CPI,TOTL.ZG

# အခန်း (၃)
# ကမ္ဘာ့ပြဿနာများ

## နိဒါန်း

ဤအခန်းတွင်ကမ္ဘာတစ်ဝန်းလုံးရင်ဆိုင်နေရသည့်သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများနှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများ၏အကျိုးဆက်များနှင့်လူသားများရင်ဆိုင်ဖြေရှင်းနေကြရသည့် ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုများ အကြောင်းကို လေ့လာသင်ယူနိုင်မည်ဖြစ်သည်။

ဤအခန်းပြီးလျှင် သင်သည် အောက်ပါတို့ကို သိရှိနိုင်မည်။

- မျက်မှောက်ခေတ် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဖြစ်စဉ်များကို ဖြစ်ပွားစေသော အကြောင်းအရင်း များနှင့် အကျိုးဆက်များကို ရှင်းပြနိုင်မည်။
- ရာသီဥတုဖောက်ပြန်မှုကြောင့်ဖြစ်ပေါ်လာသော ကမ္ဘာ့စားနပ်ရိက္ခာပြဿနာများ ဖြေရှင်းဆောင်ရွက်ခြင်းကို အကဲဖြတ်နိုင်မည်။
- ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင်ပျက်စီးစေသည့် အကြောင်းအရင်းများကို လေ့လာသိရှိနိုင်မည်။
- သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို ဝေဖန်အကဲဖြတ်နိုင်မည်။
- ရာသီဥတုဖောက်ပြန်မှု၊ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများနှင့် လူသားများ၏ ကျန်းမာရေးပြဿနာများ အပေါ် ကုလသမဂ္ဂနှင့် အဖွဲ့အစည်းများ၏ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ချက်များကို လေ့လာသိရှိ အကဲဖြတ်နိုင်မည်။

## ၃.၁။ ရာသီဥတု

၁၉ရာစုနှောင်းပိုင်း စက်မှုတော်လှန်ရေးပေါ်ပေါက်လာပြီးနောက် ကမ္ဘာ့ရာသီဥတုသည် သိသာစွာပြောင်းလဲ မှုများဖြစ်ပေါ်လာသည်။ ရာသီဥတုပြောင်းလဲမှုဆိုသည်မှာ ကမ္ဘာ့ပျမ်းမျှအပူချိန် မြင့်တက်လာသောကြောင့် ကမ္ဘာကြီးပူနွေးလာပြီး သက်ရှိသက်မဲ့တို့၏ ရုပ်ပိုင်းဆိုင်ရာနှင့် ဇီဝဖြစ်စဉ်များကို ပြောင်းလဲစေသည့် သက်ရောက်မှုကို ဆိုလိုသည်။ ကမ္ဘာ့ရာသီဥတုသည် ၂၁ ရာစုအစပိုင်းတွင် ပြောင်းလဲမှုပိုမိုသိသာထင်ရှားနေသည်။

### ၃.၁.၁။ကမ္ဘာ့ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုပြဿနာ


ကမ္ဘာ့ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုသည် ကမ္ဘာ့နိုင်ငံများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုအပေါ် များစွာသက်ရောက်မှုဖြစ်စေသည်။ အပူပိုင်းဒေသများတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးခေါင်ခြင်း၊ သောက်သုံးရေရှားပါးခြင်း၊ တောမီးလောင်ကျွမ်းခြင်း၊ မိုးသည်းထန်ခြင်း၊

ရေကြီးရေလျှံခြင်း၊ မုန်တိုင်း ကြီးများတိုက်ခတ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်းနှင့် သဲကန္တာရများ ကျယ်ပြန့်လာခြင်း စသည့်သဘာဝဘေးများ ကျရောက်လျက်ရှိသည်။ အအေးပိုင်းဒေသများတွင် ဆီးနှင်းများ လွန်ကဲစွာကျဆင်းခြင်းအပြင် အခြား သဘာဝဘေးများကိုကြုံတွေ့နေကြသည်။ ကမ္ဘာ့ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုသည် သဘာဝအလျောက် ဖြစ်ပေါ်နေသည်ဟု ယူဆနိုင်သော်လည်း စင်စစ်အားဖြင့် လူသားတို့ပြုမူဆောင်ရွက်မှု၏ အကျိုးဆက်ကြောင့် ဖြစ်သည်။ သစ်တောပြုန်းတီးခြင်း၊ စက်မှုလုပ်ငန်းများကျယ်ပြန့်များပြားလာခြင်း၊ လေထုညစ်ညမ်းခြင်း၊ ဇီဝမျိုးကွဲများ မျိုးသုဉ်းပျောက်ကွယ်လာခြင်း၊ မြေဆီလွှာခန်းခြောက်လာခြင်းနှင့် လူဦးရေတိုးပွားမှု မြင့်မားလာခြင်း စသည်တို့သည်ရာသီဥတုပြောင်းလဲလာမှု၏အခြေခံအကြောင်းအရင်းများဖြစ်သည်။ ကမ္ဘာမြေ၏ ပျမ်းမျှအပူချိန် သည် နှစ်ပေါင်း ၅၀ လျှင် ၁ ဒီဂရီစင်တီဂရိတ် တိုးမြင့်လျက်ရှိသည်။ ရုပ်ကြွင်းလောင်စာများဖြစ်သော ကျောက်မီး သွေး၊ ရေနံ၊ သစ်နှင့် သဘာဝဓာတ်ငွေ့ စသည်တို့ကို လူသားတို့ထုတ်ယူသုံးစွဲခြင်း၊ သစ်တောပြုန်းတီးခြင်း၊ စက်မှုလုပ်ငန်းများ ကျယ်ပြန့်လာခြင်းစသည်တို့ကြောင့် လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ် (Carbon dioxide – $CO_2$) ဓာတ်ငွေ့ပါဝင်မှု တစ်နေ့တခြား များပြား လာသည်။ မီးတောင်များပေါက်ကွဲခြင်းကြောင့်လည်း ကာဗွန်နှင့် မီသိန်း(Methane–$CH_4$) ဓာတ်ငွေ့များ ထွက်ပေါ်လာကာ လေထု၏အပူချိန်ကို မြင့်တက်စေသည်။ ကမ္ဘာ့လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့နှင့်မီသိန်းဓာတ်ငွေ့ထုတ်လွှတ်မှုပမာဏ လွန်စွာ များပြားလာ၍ လေထုထဲတွင်ဖန်လုံအိမ်ဓာတ်ငွေ့ပမာဏတိုးလာပြီး ကမ္ဘာ့ရာသီဥတုကမောက်ကမဖြစ်စေသကဲ့သို့ လူသားတို့၏ အနာဂတ်နေထိုင်မှုအတွက် ဆိုးရွားသောခြိမ်းခြောက်မှုဖြစ်လာသည်။ ထိုသဘာဝဘေးများကြောင့် ကမ္ဘာ့နိုင်ငံအား လုံးသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ကျန်းမာရေး ပြဿနာများကိုရင်ဆိုင်ဖြေရှင်းနေကြရသည်။





ပုံ (၁) ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု

NUG MOE




ပုံ (၂) ကမ္ဘာကြီး ပူနွေးလာရခြင်းအကြောင်းရင်းများနှင့် အကျိုးဆက်များ




(၃)Greenhouse gases၏သက်ရောက်မှု

### ၃.၁.၂။ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးဆောင်ရွက်ချက်များ

ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရာတွင် လေထုအတွင်းကာဗွန်ပါဝင်မှုကို လျှော့ချနိုင်ရေးအတွက် ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်(RenewableEnergy)ကို ပြောင်းလဲအစားထိုးခြင်း သစ်တောများပြန်လည် ပြုစုပျိုးထောင်ခြင်းနှင့် စက်မှုလုပ်ငန်းများကို ပြုပြင်ပြောင်းလဲခြင်းတို့လုပ်ဆောင်ရန်လိုအပ်သည်။ ကမ္ဘာလုံးဆိုင်ရာ ရာသီဥတု ပြောင်းလဲမှုကို ဟန့်တားတိုက်ဖျက်ရန်အတွက် ရုပ်ကြွင်းလောင်စာများအစား အစိမ်းရောင်စွမ်းအင်များ (Green Energy) ဖြစ်ကြသည့် ရေအားစွမ်းအင် (Hydro Energy)၊ နေရောင်ခြည်စွမ်းအင် (Solar Energy)၊ လေအား စွမ်းအင် (Wind-power Energy)၊ ဘူမိအပူစွမ်းအင် (geothermal Energy)နှင့် ဇီဝစွမ်းအင် (Bio-energy)တို့ကို သုံးစွဲခြင်းသည် အလွန်အရေးပါသည်။ လက်ရှိနည်းပညာများကို အသုံးပြုကာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အနာဂတ်တွင် ရာနှုန်းပြည့် အသုံးချရန် ကြိုးပမ်းလာကြသည်။ နိုင်ငံတကာ အစိုးရများ၏မူဝါဒနှင့် ဘဏ္ဍာငွေ သုံးစွဲမှုများသည်လည်း အရေးကြီးသောအခန်းမှ ပါဝင်နေပေသည်။

ကမ္ဘာ့ကုန်းမြေ၏ ၃၀ ရာခိုင်နှုန်းသည် သစ်တောများဖုံးလွှမ်းလျက် ရှိပြီး သစ်တောများ၏ ၁၅ ရာခိုင်နှုန်းသည် အပူပိုင်းဒေသသစ်တောများဖြစ်သည်။ သစ်ထုတ်လုပ်ခြင်း ၊တောမီးရှို့ခြင်း၊ စိုက်ပျိုးမြေများ ဖော်ထုတ်ခြင်း တို့ကြောင့် နှစ်စဉ်သစ်တော ဧက ၁၈ သန်းခန့် ပျက်စီးနေရသည်။ အထူးသဖြင့် အပူပိုင်း ဒေသများတွင် ပိုမို ဆိုးရွားလျက်ရှိသည်။ သဘာဝ သစ်တောများသည် သက်ရှိများပေါကြွယ်ဝစေသည့်အပြင် လေထုအတွင်းမှ ကာဗွန် ကို စုပ်ယူမှုအတွက်လည်း များစွာအရေးပါသည်။ သဘာဝသစ်တောများကိုထိန်းသိမ်းရန်အတွက် ဒေသမျိုးရင်း အပင်များကို ပြန်လည် စိုက်ပျိုးခြင်းသည် အထိရောက်ဆုံးဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း

အပူပိုင်းဒေသ ဆယ့်တစ်ခရိုင် စိမ်းလန်း စိုပြည်ရေးစီမံကိန်းများ ချမှတ်ကျင့်သုံးခဲ့ကြသည်။ သစ်တောများနှင့် မြေဆီလွှာများသည် ကာဗွန်စုပ်ယူမှု ရှိကြသဖြင့် ကမ္ဘာ့လေထု၏ အပူချိန်ကိုထိန်းညှိပေးထားသည်။ သို့သော် အချို့သောအပူပိုင်း ဒေသ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လူဦးရေ အလျင်အမြန် တိုးပွား လာခြင်း၊ မြေယာအသုံးချမှုတွင် တရားဥပဒေ စိုးမိုးမှုအား နည်းခြင်း စသည်တို့သည် စိန်ခေါ်မှုများ အဖြစ် ကြုံတွေ့နေရဆဲဖြစ်သည်။ လူသားမျိုးနွယ်သည် ၂၀ ရာစု အစပိုင်း တွင် ၁.၆ ဘီလီယံခန့်ရှိပြီး ၂၀၅၀ ပြည့်နှစ်တွင် ၁၀ ဘီလီယံ နီးပါးထိ ရှိလာမည်ဟု ခန့်မှန်းသည်။ ကမ္ဘာ့ လူဦးရေ တိုးလာခြင်းသည် ရေသယံဇာတကဲ့သို့ မရှိမဖြစ်လိုအပ်သော သဘာဝ အရင်းအမြစ်များ အတွက် စိန်ခေါ်မှုတစ်ရပ် ဖြစ်သည်။ မြေဆီလွှာပျက်စီးခြင်းသည်လည်း ပြဿနာတစ်ရပ်ဖြစ်သည်။ စားနပ်ရိက္ခာဖူလုံမှုသည် မြေဆီလွှာ အခြေအနေ ကောင်းမွန်မှုအပေါ် တည်မှီနေသောကြောင့် မြေဆီလွှာထိန်းသိမ်းခြင်းနှင့် ပြန်လည် ထူထောင်ရေး နည်းပညာများကို ဖြန့်ဝေရန် ကြိုးပမ်းလာကြသည်။ ကမ္ဘာလုံးဆိုင်ရာ ရာသီဥတု ပြောင်းလဲမှုသည် သဘာဝ ပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာခြင်းနှင့် တိုက်ရိုက်သက်ဆိုင်၍ ကုလသမဂ္ဂနှင့် ကမ္ဘာ့နိုင်ငံများက ဟန့်တားထိန်း ချုပ်နိုင်ရေး အတွက် အလေးထားဆောင်ရွက်လာကြသည်။

**အဓိကအချက်များ**

- ကမ္ဘာ့ရာသီဥတုသည် ၁၉ ရာစုနှောင်းပိုင်း စက်မှုတော်လှန်ရေးပေါ်ပေါက်လာပြီးနောက် သိသာစွာ ပြောင်း လဲမှုများဖြစ်ပေါ်လာခြင်း၊
- ကမ္ဘာ့ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုသည် သဘာဝအလျောက် ဖြစ်ပေါ်နေသည်ဟု ယူဆနိုင်သော်လည်း စင်စစ်အားဖြင့် လူသားတို့ပြုမူဆောင်ရွက်မှု၏ အကျိုးဆက်ကြောင့်သာ ဖြစ်ခြင်း၊
- ရုပ်ကြွင်းလောင်စာများအစား အစိမ်းရောင်စွမ်းအင်များ (Green Energy) ကို သုံးစွဲခြင်း၊
- ကုလသမဂ္ဂနှင့် ကမ္ဘာ့နိုင်ငံများက သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းလာခြင်းနှင့် ရာသီဥတုဖောက်ပြန် မှုများကို ဟန့်တားထိန်းချုပ်နိုင်ရေးအတွက် အလေးထားဆောင်ရွက်လာခြင်း

**လေ့ကျင့်ရန်မေးခွန်းများ**

၁။ ကမ္ဘာ့ရာသီဥတုဖောက်ပြန် ပြောင်းလဲမှုပြဿနာများကို ရှင်းပြပါ။

၂။ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု ထိန်းချုပ်ရေးဆောင်ရွက်ချက်များကို ဆွေးနွေးပါ။

## ၃.၂။ သဘာဝပတ်ဝန်းကျင်

လူတို့နေထိုင်ရာ သဘာဝပတ်ဝန်းကျင်သည် အချိန်ကာလကြာလာသည်နှင့်အမျှ သဘာဝပတ်ဝန်းကျင် ဆိုင်ရာ ပြဿနာများနှင့် ပိုမိုရင်ဆိုင်လာရသည်။ သဘာဝဘေးများနှင့်လူသားတို့ ပြုမူဆောင်ရွက်ချက်များကြောင့် သဘာဝ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးခဲ့ရသည်။ စက်မှုတော်လှန်ရေးကြောင့် စက်ရုံအလုပ်ရုံများ တိုးပွားလာခြင်း၊ လူနေမှုပုံစံများ ပြောင်းလဲလာသည်နှင့်အမျှ လိုအပ်ချက် များပြားလာခြင်းတို့သည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသည်။ လူ့သမိုင်းတလျှောက်တွင် ဖြစ်ပွားခဲ့သော စစ်ပွဲများသည်လည်း သဘာဝနှင့်လူသားတို့အပေါ် ဆိုးကျိုးများ သက်ရောက်စေသည့်အပြင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများစွာကိုဖြစ်ပေါ်စေခဲ့သည်။ စစ်ပွဲများအတွင်း မြို့ရိုးကိုဝိုင်းပတ်ပိတ်ဆို့ခြင်း၊ သစ်ပင်များခုတ်လှဲရှင်းလင်းခြင်း၊ လက်နက်ခဲယမ်းများ အသုံးပြု ခြင်းနှင့် မြေလှန်စနစ်(Scorched–earth Policy) ကျင့်သုံးခြင်းသည်လည်း သဘာဝ ပတ်ဝန်းကျင်ကို လွန်စွာ ထိခိုက်စေသည်။ ၂၀ ရာစုအတွင်း အဆင့်မြင့် နျူကလီးယားလက်နက်များ စမ်းသပ်ခြင်း၊ ထုတ်လုပ်ခြင်း၊ သယ်ယူ ပို့ဆောင်ခြင်း၊ အသုံးပြုခြင်းတို့သည် သဘာဝပတ်ဝန်းကျင်ကို အဆိုးဝါးဆုံးသော သက်ရောက်မှု ဖြစ်စေသည်။ ဒုတိယကမ္ဘာစစ်ပြီးကာလတွင် ဓာတုလက်နက်များကို အသုံးပြုခဲ့သဖြင့် ပတ်ဝန်းကျင်ကို သိသိသာသာ ပျက်စီး စေခဲ့သည်။ လေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှု၊ မြေဆီလွှာညစ်ညမ်းမှု၊ ရေဒီယိုသတ္တိကြွမှု၊ စက်မှုလုပ်ငန်းများ၊ ရုပ်ကြွင်းလောင်စာများနှင့် မော်တော်ယာဉ်များမှထွက်လာသော ဓာတ်ငွေ့များသည် လေထုကို အဓိကညစ်ညမ်း စေပြီး သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသည်။ လေထုအတွင်း ကာဗွန်ဒိုင် အောက်ဆိုဒ်ပါဝင်မှု များပြားလာခြင်းကြောင့် လေထုညစ်ညမ်းမှုမှာ တစ်နေ့ထက်တစ်နေ့ပိုမိုဆိုးရွားလာ သည်။ ၂၀၁၅ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ ကြသော ပါရီသဘောတူညီချက်အရ ကမ္ဘာ့နိုင်ငံများအနေဖြင့် ကမ္ဘာ့အပူချိန်မြင့်တက်မှုကို ၂ ဒီဂရီစင်တီဂရိတ် အောက်၌သာထိန်းထားနိုင်ရန် သဘောတူထားခဲ့ကြသည်။ ယေဘုယျအားဖြင့် ချမ်းသာသည့် စက်မှု အင်အားကြီး နိုင်ငံများက ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ကို အများဆုံးထုတ်လွှတ်ပြီး သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုဒဏ် ကို ဆင်းရဲသောနိုင်ငံများက အများဆုံးခံစားနေကြရသည်။


### ၃.၂.၁။ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာခြင်း၏ အကျိုးဆက်များ

ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်အနေဖြင့် ရေချိုအရင်းအမြစ်များလျော့နည်းလာသည့်အတွက် လူတို့၏ကျန်းမာရေးကို ထိခိုက်လာခြင်းနှင့် စားနပ်ရိက္ခာရှားပါးခြင်း စသည့် ခြိမ်းခြောက်မှုများ ရင်ဆိုင်နေရသည်။ ပင်လယ်ကမ်းခြေဒေသများတွင် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုကြောင့် ကမ်းခြေဒေသများ ကွယ်ပျောက် လာခြင်း၊ ဝင်ရိုးစွန်းဒေသများတွင် ရေခဲမြစ်များနှင့် ရေခဲပြင်များ အရည်ပျော်မှုမြင့်မားလာခြင်း၊ ရာသီဥတုဇုန်များ ပြောင်းလဲလာခြင်း၊ မိုးရွာသွန်းမှုပုံစံ နှင့် မိုးရွာသွန်းမှုပြင်းအားပြောင်းလဲလာခြင်းတို့ဖြစ်ပေါ်လာသည်။ ကမ္ဘာ့ရေ အရင်းအမြစ်၏ ၉၇ ရာခိုင်နှုန်းသည် ရေငန်များဖြစ်ပြီး ၃ ရာခိုင်နှုန်းသည်သာ သောက်သုံးနိုင်သော ရေချိုများ ဖြစ်သည်။ မိုးခေါင်မှု၊ ရေထုညစ်ညမ်းမှု၊ ရေနှင့်ဆိုင်သော ပဋိပက္ခများနှင့် ရာသီဥတု

ပြောင်းလဲမှုတို့ကြောင့် ရေချို အရင်းအမြစ်များသည် တဖြည်းဖြည်းရှားပါးလာသည်။ ရေချိုသည် ပြန်လည်ပြည့်ဖြိုးမြဲဖြစ်သော်လည်း ရာသီဥတု ဖောက်ပြန်မှုနှင့် မိုးခေါင်မှုတို့ကြောင့် မြေအောက်ရေထောက်ပံ့မှုမှာ တစ်နေ့တခြား လျော့နည်းလာသည်။ ယနေ့ ကမ္ဘာတွင် လူဦးရေ၏ ၇ ဘီလီယံကျော်သည်. စားနပ်ရိက္ခာထုတ်လုပ်မှုနှင့် ရေအသုံးပြုမှုအတွက် ရေချို ရှားပါးမှု ပြဿနာနှင့်ကြုံတွေ့နေရသည်။ လူဦးရေအလွန်အကျွံတိုးပွားလာခြင်းကြောင့် စားနပ်ရိက္ခာတိုးမြှင့်ထုတ်လုပ်ရန် နည်းလမ်းမျိုးစုံသုံးစွဲလာခြင်းသည် သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေသည့် အကြောင်းအရင်းတစ်ခုဖြစ်သည်။ တိုးပွားလာသော လူဦးရေ၏စားနပ်ရိက္ခာလိုအပ်ချက်ကို ဖြည့်ဆည်းရန် ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့ရေလိုအပ်ချက် ၅၀ ရာခိုင်နှုန်းတိုးလာမည်ဟု ကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO) က ခန့်မှန်းထားသည်။



ပုံ(၄)ရေချိုရရှိရေးဆောင်ရွက်မှု




(၅)စီးပွားရေးကွဲပြားမှုနှင့်ကျန်းမာရေး

ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်-၆ (Sustainable Development Goals – SDGs-6) တွင်လည်း သန့်ရှင်းသောရေနှင့် မိလ္လာရေဆိုးစနစ်ကို ဖွံ့ဖြိုးစေရန်အဓိကတိုက်တွန်းထားသည်။ စွန့်ပစ် အမှိုက်များ၊ ပလတ်စတစ်များ၊ အီလက် ထရောနစ် စွန့်ပစ်ပစ္စည်းများနှင့် ဓာတုပစ္စည်းများသည် သဘာဝ ပတ်ဝန်းကျင်ကို များစွာ ခြိမ်းခြောက်လျက် ရှိသည်။ ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့ထုတ်လွှတ်မှု တိုးလာခြင်း ကြောင့် သမုဒ္ဒရာအတွင်း သန္တာကျောက်တန်း များ နှင့် ရေနေသတ္တဝါများအပေါ် ဆိုးကျိုးသက်ရောက်လာသည်။ ထို့ပြင် သဘာဝသစ်တောများနှင့် ဒီရေရောက်သစ်တောများ ပြုန်းတီးလာ

ပြန့်ပွားလာခြင်းကြောင့် ဂေဟစနစ်ကို ပျက်စီး စေသည်။ စက်မှုလုပ်ငန်းမှစွန့်ပစ်ပစ္စည်းများ၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများသုံးစွဲမှုများသည် မြေဆီလွှာရှိ အာဟာရ ဓါတ်များကို ဆုံးရှုံးစေသည်။ စားကျက် မြေများတွင်ပိုးစားခြင်း၊ သီးနှံတစ်မျိုးတည်းသာ စွဲမြဲစိုက်ပျိုးခြင်း၊ ရေတိုက်စားခြင်း၊ မြေဆီလွှာကျုံ့ခြင်း၊ လေထုညစ်ညမ်းခြင်း၊ မြေအသုံးချမှုပြောင်းလဲခြင်း စသည်တို့သည် မြေဆီလွှာ ပျက်စီးခြင်းကို ဖြစ်ပေါ်စေသည်။ ကုလသမဂ္ဂ၏ခန့်မှန်းချက်အရ တစ်နှစ်လျှင် လယ်ယာမြေဟက်တာ ၁၂ သန်းခန့် ဆိုးရွားစွာပျက်စီးဆုံးရှုံးနေသည်။ မြေဆီလွှာအရည်အသွေး ကောင်းမွန်ရေးဆောင်ရွက်မှုသည် စားနပ် ရိက္ခာဖူလုံမှုအတွက် အရေးပါသောကြောင့် မြေဆီလွှာထိန်းသိမ်းခြင်းနှင့် ပြန်လည်ထူထောင်ရေးနည်းပညာများကို ဖြန့်ဝေရန်ကြိုးပမ်းလာကြသည်။

တောရိုင်း တိရစ္ဆာန်များ၊ အဏ္ဏဝါဇီဝမျိုးကွဲများနှင့် သယံဇာတများကို လူသုံးကုန်ပစ္စည်းများ၊ ဆေးဝါးထုတ်ကုန်များနှင့် စက်မှုထုတ်ကုန်များအတွက် အဆမတန်ထုတ်လုပ်လာကြသဖြင့် မျိုးသုဉ်းပျောက်ကွယ်မည့် အခြေအနေနှင့်ရင်ဆိုင်နေရသည်။ ထိုအခြေအနေမှ ကာကွယ်ထိန်းသိမ်းရန် တောရိုင်းတိရစ္ဆာန် ကာကွယ် ထိန်းသိမ်းရေး လုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်လာကြသည်။ ကမ္ဘာကြီး ပူနွေးလာမှု၏အကျိုးဆက်မှာ ရာသီဥတု ပြောင်းလဲမှုကြောင့် အချို့ဒေသများမှာ လူနေထိုင်နိုင်ခြင်းမရှိတော့ခြင်း၊ စိုက်ပျိုးမြေများမှာ ကန္တာရမြေ အဖြစ်သို့ ပြောင်းလဲခြင်းများ ဖြစ်ပေါ်လာသည်။ ကမ္ဘာ့အပူချိန်ကို ထိန်းမထားနိုင်ပဲ ဆက်လက်မြင့်တက်နေမည် ဆိုပါက မမျှော်မှန်းနိုင်သည့် အကျိုးဆက်များ ဖြစ်သည့် ပိုမိုဖျက်အားပြင်းသော မုန်တိုင်းများ တိုက်ခတ်ခြင်း၊ ကာလ ကြာရှည်မိုးခေါင်ပြီးနောက် မိုးသည်းထန်စွာရွာသွန်းခြင်း စသည့်သဘာဝဘေးများ မကြာခဏဖြစ်ပွားလာနိုင်သည်။ လေထုထဲတွင် ကလိုရိုဖလိုရိုကာဗွန်ဓာတ်ငွေ့ (Chlorofluorocarbons – CFCs) မြင့်မားလာခြင်းကြောင့် ကမ္ဘာကြီးကို ကာကွယ်ပေးနေသော အိုဇုန်းလွှာ (Ozone) ကိုပေါက်ပြဲစေသည်။ အိုဇုန်းလွှာသည် သက်ရှိများကို နေရောင်ခြည်မှထွက်သော ခရမ်းလွန်ရောင်ခြည် (Ultraviolet Radiation) အန္တရာယ်မှ ကာကွယ်ပေးသည့် မမြင်နိုင်သော အကာအကွယ်အလွှာတစ်ခု ဖြစ်သည်။ အိုဇုန်းလွှာပေါက်ပြဲမှုကြောင့် အန္တရာယ်ရှိသော ခရမ်းလွန် ရောင်ခြည်၏ဒဏ်ကို သက်ရှိများ ပိုမိုခံစားလာရသည်။ လေထု၊ ရေထုနှင့် မြေဆီလွှာ ညစ်ညမ်းမှုများကို ပြန်လည်သန့်စင်ရန်မှာ နှစ်ပေါင်းများစွာအချိန်ယူရမည်ဖြစ်သည်။




ပုံ (၆) ကမ္ဘာ့ကျန်းမာရေးပြဿနာများ



(၇) ရာသီဥ တုပြောင်းလဲခြင်း

## ၃.၂.၂။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကုလသမဂ္ဂ၏ ထောင်စုနှစ် ရည်မှန်းချက်များတွင် သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့ခိုင်မြဲရေး အတွက် ရည်မှန်းချက်ပန်းတိုင် ထားရှိခဲ့သည်။ ၁၉၉၇ ခုနှစ် ဒီဇင်ဘာလတွင် ဂျပန်နိုင်ငံကျိုတိုမြို့၌ ဖန်လုံအိမ်ဓာတ်ငွေ့ လျှော့ချရေး ပထမဆုံးညီလာခံတစ်ရပ်ကျင်းပပြီး ကုလသမဂ္ဂ၏ရာသီဥတု ပြောင်းလဲမှုဆိုင်ရာမူဘောင် သဘော တူညီချက်ကိုအခြေခံ၍ စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများ၏ ကတိကဝတ်ပြုမှုဖြင့် ကျိုတိုသဘောတူညီချက်ကို အတည်ပြု ချမှတ်ခဲ့သည်။ ၂၀၀၉ ခုနှစ် ဒီဇင်ဘာလတွင် ဒိန်းမတ် (Denmark) နိုင်ငံ၊ ကိုပင်ဟေဂင် (Copenhagen) မြို့၌ ကုလ သမဂ္ဂရာသီဥတုဆိုင်ရာ ညီလာခံတစ်ရပ်ကျင်းပခဲ့ပြီး ရာသီဥတုပြောင်းလဲမှုသည် မျက်မှောက်ခေတ်၏ အကြီးမား ဆုံးသော စိန်ခေါ်မှုဖြစ်ကြောင်း အသိအမှတ်ပြုခဲ့သည်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် ကာတာ (Qatar) နိုင်ငံ၊ ဒိုဟာ (Doha) မြို့၌ ရာသီဥတုဆိုင်ရာညီလာခံကျင်းပခဲ့ပြီး ယင်းညီလာခံတွင် ကျိုတိုသဘောတူညီချက်ကိုပြင်ဆင်သည့် ဒိုဟာပြင်ဆင်ချက်ကို သဘောတူခဲ့သည်။ ဒိုဟာပြင်ဆင်ချက်အရ ၂၀၁၃ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ကာလကို ဖန်လုံအိမ်ဓာတ်ငွေ့လျှော့ချရေး ဒုတိယအကြိမ်ကတိကဝတ်ကာလအဖြစ် အတည်ပြုခဲ့သည်။ ၂၀၁၅ ခုနှစ် ဒီဇင် ဘာလတွင် ပြင်သစ်နိုင်ငံပါရီမြို့၌ အပြည်ပြည်ဆိုင်ရာညီလာခံကျင်းပကာ ပါရီ သဘောတူညီချက်ကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် စတင်အသက်ဝင်စေခဲ့သည်။ ရည်မှန်းချက်မှာ ကမ္ဘာကြီးပူနွေးလာမှုကို ကန့်သတ်ချက်အဖြစ် ၂ ဒီဂရီစင်တီဂရိတ်အောက်သို့ အမြန်ဆုံးရောက်ရှိရန် ဖြစ်သည်။ ကုလသမဂ္ဂနှင့်ကမ္ဘာ့နိုင်ငံများက သဘာဝ ပတ်ဝန်း ကျင်ပျက်စီးယိုယွင်းလာခြင်းနှင့် ရာသီဥတုဖောက်ပြန်မှုများကို ဟန့်တားထိန်းချုပ်နိုင်ရေး အလေးထား ဆောင်ရွက် လာကြသည်။




ပုံ(၈)ပြင်းထန်သောရာသီဥ တုများဖြစ်ပေါ်ခြင်း

(၉)အားပြင်းသောမုန်တိုင်းများဖြစ်ပေါ်ခြင်း



NUG MOE




ပုံ(၁၀)ကုလသမဂ္ဂ၏အသိပညာပေးရုပ်ပုံ

**အဓိကအချက်များ**

- စစ်ပွဲကာလများအတွင်း မြေလှန်စနစ်ကျင့်သုံးခြင်း၊အဆင့်မြင့်ချုကလီးယား လက်နက်များ စမ်းသပ်ခြင်း၊ ထုတ်လုပ်ခြင်း၊ သယ်ယူ ပို့ဆောင်ခြင်း၊ အသုံးပြုခြင်းတို့သည် သဘာဝပတ်ဝန်းကျင်ကို အဆိုးဆုံးသော သက်ရောက်မှု ဖြစ်စေခြင်း။
- စက်မှုအင်အားကြီးနိုင်ငံများက ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ကို အများဆုံးထုတ်လွှတ်ပြီး သဘာဝ ပတ်ဝန်းကျင်ညစ်ညမ်းမှုဒဏ်ကို ဖွံ့ဖြိုးဆဲနိုင်ငံများက အများဆုံးခံစားနေကြရခြင်း။
- ကုလသမဂ္ဂနှင့် ကမ္ဘာ့နိုင်ငံများက သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းလာခြင်းနှင့် ရာသီဥတု ဖောက်ပြန် မှုများကို ဟန့်တားထိန်းချုပ်နိုင်ရေး အလေးထားဆောင်ရွက်လာကြခြင်း။

**လေ့ကျင့်ရန်မေးခွန်းများ**

၁။ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာခြင်းအကြောင်းရင်းများကို ရေးသားပါ။

၂။ သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းလာခြင်း၏ အကျိုးဆက်များကို ဝေဖန်ပါ။

၃။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို အကဲဖြတ်ပါ။

NUG MOE

၃.၂.၃ ကျန်းမာရေးပြဿနာ

ရာသီဥတုဆိုင်ရာ ပြဿနာများကြောင့် လူသားတို့၏ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုများသည် ယခင်ကထက် ပိုမို ကြီးမားကျယ်ပြန့်လာသည်။ ရာသီဥတုပြောင်းလဲလာမှုကြောင့် ကမ္ဘာပေါ်တွင် ပူနွေးသည့်နေ့ရက်များ ကြာရှည်လာပြီး ကမ္ဘာပေါ်ရှိသက်ရှိသက်မဲ့တို့၏ ရုပ်ပိုင်းဆိုင်ရာနှင့် ဇီဝဖြစ်စဉ်များကိုလည်း ပြောင်းလဲစေသည်။ ရာသီဥ သစ်ပင်ပန်းပင်များ အချိန်စောစီးစွာ ဖူးပွင့်ကြခြင်း၊ အင်းဆက်ပိုးမွှားများ ပေါက်ပွားမှုများပြားလာခြင်း၊ လူသားတို့ အပေါ် အနာရောဂါများ၊ ကပ်ရောဂါ ဘေးကဲ့သို့ ရောဂါအသစ်အဆန်းများ ကျရောက်ခြင်းများဖြစ်ပွားလာသည်။ ယခင်က ကူးစက်ရောဂါများသည် အဓိကပြဿနာများဖြစ်သော်လည်း ယခုအခါ ကူးစက်ရောဂါသာမက ကူးစက် နိုင်သောရောဂါများသည်လည်း အဓိကပြဿနာများဖြစ်လာသည်။ မကူးစက်နိုင်သောရောဂါများအနက် ကင်ဆာ ရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးနှင့် လေဖြတ်ရောဂါ၊ ကျောက်ကပ်ရောဂါ၊ အယ်လ်ဇိုင်းမား (Alzxeimer) ရောဂါ စသည်တို့သည် အဖြစ်များသော ရောဂါများဖြစ်သည်။ ကူးစက်ရောဂါများအနက် ငှက်ဖျားရောဂါ (Malaria)၊ အဆုတ်ရောဂါ (Tuberculosis)၊ ကြက်ငှက်တုပ်ကွေး (H1N1)ကဲ့သို့သော် တုပ်ကွေးအဖျားရောဂါများ၊ ခုခံအား ကျဆင်းရောဂါ(HIV/AIDS) ၊ ကိုရိုနာ ဗိုင်းရပ်စ်ကူးစက်ရောဂါ– ကိုဗစ်–၁၉(COVID–19) စသည်တို့သည် တစ်ကမ္ဘာ လုံးကို ကပ်ရောဂါအသွင်ဖြင့် ခြိမ်းခြောက်လျက်ရှိသည်။ မကူးစက်နိုင်သောရောဂါများသည် နာတာရှည် ရောဂါများဖြစ်သဖြင့် လူသားတို့၏ စီးပွားရေး၊ လူမှုရေး များအပေါ် များစွာထိခိုက်စေသည်။ ကင်ဆာရောဂါသည် ၂၁ ရာစု၏ ကျန်းမာရေးပြဿနာတစ်ရပ် ဖြစ်သည်။ ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှု၊ ဓာတုပစ္စည်းများနှင့် ဓာတ်ရောင်ခြည်ထိတွေ့မှုများသည် ကင်ဆာဖြစ်စေသော အကြောင်းအရင်းများဖြစ်သည်။ လေထုညစ်ညမ်းမှု ကြောင့် ကင်ဆာရောဂါနှင့် အသက်ရှူ လမ်းကြောင်းဆိုင်ရာ ရောဂါဆန်းများတိုးပွားလာကာ သေဆုံးမှု မြင့်မား လာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ၂၀၁၂ ခုနှစ်တွင် ထုတ်ပြန်သတိပေးခဲ့သည်။ လူ့သမိုင်း တစ်လျှောက်တွင် ကူးစက်ရောဂါများကြောင့် ကမ္ဘာ့နိုင်ငံများ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး အပေါ် ကြီးမားသော သက်ရောက်မှုများ ဖြစ်ပေါ်ခဲ့ရသည်။ ၁၄ ရာစုအတွင်း ဥရောပ၊ အာရှနှင့် အာဖရိကတိုက် မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သော ပလိပ်ကပ်ရောဂါကြောင့် လူပေါင်းသန်း ၂၀၀ အထိ သေဆုံးခဲ့ကြသည်။ ထို သေဆုံးမှုသည် ဥရောပ၊ အာရှဒေသမှလူဦးရေ၏ ၆၀ ရာခိုင်နှုန်းအထိ သေဆုံးသွားရခြင်း ဖြစ်သည်။ ရောဂါကူးစက် ခံရသူသည် ခန္ဓာကိုယ်ပေါ်တွင် အမဲရောင်အကွက်များပေါ်လာပြီး သေဆုံးများတွင် ကြီးမားသော နိုင်ငံရေးအပြောင်းအလဲများနှင့်စီးပွားရေးချွတ်ခြုံကျမှုများ ဖြစ်ပေါ်ခဲ့သည်။ ကမ္ဘာ့နိုင်ငံသဖြင့် Black Death ဟု မှတ်တမ်း တင်ခဲ့ကြသည်။ ထိုကပ်ရောဂါကြောင့် ဥရောပနှင့်အာရှဒေသများက ကာကွယ်ဆေးထိုးနှံခြင်းနှင့် ကုသခြင်း နည်းတို့ဖြင့် တိုက်ဖျက်နိုင်ခဲ့သဖြင့် ၂၀ ရာစုနှောင်းပိုင်းတွင် ပလိပ်ရောဂါနှင့် ကျောက်ရောဂါများမှာ ကွယ်ပျောက်သွားခဲ့သည်။ ကူးစက်ရောဂါများအဖြစ် အဆုတ်ရောဂါ၊ ကြက်ငှက်တုပ်ကွေး၊ ငှက်ဖျားရောဂါနှင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ(HIV/AIDS)များ ဖြစ်ပွားလာခဲ့သဖြင့် ၂၀ ရာစုနှောင်းပိုင်းမှစတင်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ နှင့် ကမ္ဘာ့နိုင်ငံများက ကာကွယ်တားဆီးရန်

ပူးပေါင်းကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ် ကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ၂၀၀၉ ခုနှစ် ဇူလိုင်လတွင် ၄၁ နှစ်အတွင်း သေဆုံးမှုအမြင့်မားဆုံး တုပ်ကွေး ကူးစက်ရောဂါအဖြစ် ကြေညာခဲ့သည်။ ကာကွယ်ရေးနှင့် ကုသရေးအစီအစဉ်များကို ဖြန့်ဝေကူညီမှုများဖြင့် နိုင်ငံ တကာပူးပေါင်းဆောင်ရွက်လျက်ရှိကြသည်။ ကမ္ဘာ့နိုင်ငံအများအပြားတွင် ၂၀၁၉ ခုနှစ်နှောင်းပိုင်းမှစ၍ ကိုရိုနာ ဗိုင်းရပ်စ်ကူးစက်ရောဂါ–ကိုဗစ်–၁၉ ဖြစ်ပွားလျက်ရှိသည်။ ကိုဗစ်– ၁၉ ရောဂါပျံ့နှံ့လာမှုကြောင့် ကမ္ဘာတစ်ဝန်းတွင် လူအများအပြား သေဆုံးခဲ့ရသည်။ ကိုဗစ်–၁၉ ကူးစက်ရောဂါတစ်မျိုးတည်းမဟုတ်တော့ဘဲ နေ့စဉ်နှင့်အမျှ လူသား များကို ထိခိုက်စေသော အခြားသောကူးစက်ရောဂါမျိုးကွဲများသည်လည်း ပြည်သူ့ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုများအဖြစ် ကြုံတွေ့နေ ရသည်။ ကျန်းမာရေးပြဿနာများသည် ၂၀ ရာစုအစောပိုင်းမှစတင်ကာ မျက်မှောက်ခေတ် အထိ ကမ္ဘာ့လူသားများ ဆက်လက်ရင်ဆိုင်ဖြေရှင်းနေရသော ပြဿနာများအနက် ဦးစားပေးအဆင့်ပြဿနာများ ဖြစ်သည်။

**အဓိကအချက်များ**

- ရာသီဥတုပြောင်းလဲဖောက်ပြန်မှုနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှုကြောင့် အင်းဆက်ပိုးမွှားများ ပေါက်ပွားမှုများပြားလာခြင်း၊ လူသားတို့အပေါ် အနာရောဂါများ၊ ကပ်ရောဂါဘေးကဲ့သို့ ရောဂါအသစ် အဆန်းများ ကျရောက်ဖြစ်ပွားလာခြင်း၊
- မကူးစက်နိုင်သောရောဂါများသည်လည်း ကျန်းမာရေး၏အဓိကပြဿနာ များဖြစ်လာခြင်း၊
- ကျန်းမာရေးပြဿနာများသည် ၂၀ ရာစုအစောပိုင်းမှစတင်ကာ မျက်မှောက်ခေတ်အထိ ကမ္ဘာ့လူသားများ ဆက်လက်ရင်ဆိုင်ဖြေရှင်းနေရသော ပြဿနာများအနက် ဦးစားပေးအဆင့်ပြဿနာများဖြစ်ခြင်း၊

**လေ့ကျင့်ရန်မေးခွန်း**

၁။ ကမ္ဘာ့လူသားများရင်ဆိုင်နေရသော ကျန်းမာရေးပြဿနာများကို ဆွေးနွေးပါ။

## အခန်း (၃) ပါ ပုံများ၏ရင်းမြစ်များ

ပုံ(၁)(၂)(၃)(၄)(၅)https:// www.world health Organization /images)

ပုံ (၆)(၇)(၈)(၉)(၁၀) https://www.en.m.wikipedia.org images)

## ကျမ်းကိုးစာရင်း


- Aulander, A.M.S Environmental Problems in the Shortage Economy: The Legacy of Soviet Environmental Policy, Alders hot, Edward Elgar, 1994.
- Behringer, Wolfgang, “Climatic change and witch hunting: the impact of the Little Ice Age on mentalities”. Climatic Change 43, 1999.
- Burton, I.et al. The Environmental as Hazard, New York, Guilford Press, 1993.
- Ehrlich, P. The Population Bomb, New York, Ballantine Books, 1968.
- Houghton, J.T. (ed.), Climate Change 2001, Cambridge UP, 2001.
- Jordan, W.C, The Great Famine, Princeton UP, 1996.
- Weart, S.R, The Discovery of Global Warming, Harvard UP, 2003.
- https//www.en.m.wikipedia.org